

# "လုံခြုံရာအရပ် ကင်းမဲ့နေခြင်း"

အာဏာသိမ်းမှုအပြီး
မြန်မာ့စစ်အာဏာသိမ်းအုပ်စု၏
လူသားမျိုးနွယ်စုအပေါ်
ကျူးလွန်သည့် ရာဇဝတ်မှုများ

investigate
engage
strengthen

march
2022

FORTIFY RIGHTS

The Orville H. Schell, Jr. Center for
International Human Rights at
Yale Law School,
Myanmar Human Rights Project

# "Nowhere is Safe"

### The **Myanmar Junta's Crimes Against Humanity** Following the ***Coup d'État***

**Cover:**

ရန်ကုန်၊ လှိုင်မြို့နယ်အတွင်းရှိ ဒီမိုကရေစီ လိုလားသော ဆိုမ်း ထွန်းညှိပွဲတစ်ခုတွင် အာဏာသိမ်းမှုကို ဆန့်ကျင်သော ပြည်သူတစ်ဦးမှနေပြီး လက်သုံးချောင်း သင်္ကေတကို ထုတ်ဖော်ပြနေစဉ်။ ©ရန်နိုင်အောင်၊ မတ်လ ၁၄ ရက်၊ ၂၀၂၁။

စကားချီး(နိဒါန်း)ကို Yale Law School မှ Robina Senior Fellow ဖြစ်သူ၊ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့် အရေးဆိုင်ရာ အထူး ကိုယ်စားလှယ် Thomas Andrews မှ ရေးသားသည်။

## The Orville H. Schell, Jr. Center for International Human Rights at Yale Law School, Myanmar Human Rights Project

The Schell Center is the hub for human rights at Yale Law School. The core mission is to provide students a theoretically rich and practically grounded education, and, in the process, to support cutting-edge human rights research and the work of human rights organizations far beyond our gates. Each year, the Center awards fellowships to several scholars and practitioners to be in residence at the Law School. Visiting fellows are hand-picked for their contributions to the field of human rights, whether as scholars, activists, or lawyers. The Myanmar Human Rights Project was launched in 2020.

## FORTIFY RIGHTS

Fortify Rights သည် အားလုံးအတွက် လူ့အခွင့်အရေးရရှိကြောင်း သေချာအောင် ဆောင်ရွက်သည့် အဖွဲ့ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး၊ အဖြေများရှာရန် အခွင့် အာဏာ ရှိသူများနှင့် စေ့စပ်လုပ်ဆောင်ကာ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ၊ သက်ရောက်ခံရသော လူထုများနှင့် အရပ်ဖက် လူထုတို့၏လုပ်ငန်းများ အားကောင်းအောင်ဆောင်ရွက်ပေးသည်။ မိမိတို့အနေဖြင့် အထောက်အထား အခြေပြု သုတေသနများ၊ အမှန်တရားကို မဟာဗျူဟာကျကျ ဖွင့်ဟပြောဆိုခြင်း၏ စွမ်းအားနှင့် တစ်သီးပုဂ္ဂလများ၊ လူထုအသိုင်းအဝိုင်းများနှင့် ပြောင်းလဲမှုအတွက် တွန်းအားပေးနေသည့် ရွေ့လျားမှုများနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ခြင်း စသည်တို့၏ လွှမ်းမိုး နိုင်မှုအပေါ် ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် အမေရိကန်ပြည်ထောင်စု နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် မှတ်ပုံတင်ထားသည့် လွတ်လပ်သော၊ အကျိုးအမြတ်အတွက် မဟုတ်သော အဖွဲ့အစည်းဖြစ်ပါသည်။

## Warning

# Graphic Content

This report contains some images with graphic content that might not be suitable for all audiences.

- **Blood and wounds**
- **Beatings**

# မာတိကာ

**Foreword by the Honorable Tom Andrews, U.N. Special Rapporteur on the Situation of Human Rights in Myanmar and Robina Senior Human Rights Fellow at the Schell Center for International Human Rights** . . . . . . . . . . . . . . . . . . . **8**

**အကျဉ်းချုပ် (Summary)** . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . **14**

**နည်းလမ်း (Methodology)** . . . . . . . . . . . . . . . . . . . . . . . . . . . . . **27**

**နောက်ခံသမိုင်း (Background)** . . . . . . . . . . . . . . . . . . . . . . . . . . . **37**

**အကြံပြုချက်များ (Recommendations)** . . . . . . . . . . . . . . . . . . . . . . . **45**

- က. မြန်မာ့ စစ်အာဏာသိမ်းအုပ်စုအား အကြံပြုခြင်း. . . . . . . . . . . . . . . . . . . . . . . .45
- ခ. မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရအား အကြံပြုခြင်း . . . . . . . . . . . . . . . . . . .45
- ဂ. ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အကြံပြုခြင်း . . . . . . . . . . . . . . . . . . . . .45
- ဃ. ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အကြံပြုခြင်း . . . . . . . . . . . . . . . . . . . . . . .46
- င. အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအား အကြံပြုချက် . . . . . . . . . .47

**ကျေးဇူးတင်လွှာ** . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . **49**

# Foreword by the Honorable Tom Andrews, U.N. Special Rapporteur on the Situation of Human Rights in Myanmar and Robina Senior Human Rights Fellow at the Schell Center for International Human Rights

Since February 2021, much has been documented about the Myanmar military's attempted coup d'état and bloody crackdown on the people of Myanmar. This report provides the international community a better understanding of the junta's crimes, the individuals responsible, and their battalions' locations in relation to attacks. ***"Nowhere is Safe"*** is a seminal report focusing on the first six months of the military's post-coup attack. It exposes horrific details of crimes, draws on new information from military sources, and conducts a transparent and thorough legal analysis that will assist in future prosecutions.

It is fitting that this report is being published just days prior to the one-year anniversary of the military junta's Armed Forces Day Massacre. On March 27, 2021, as military leaders celebrated themselves at galas with the few foreign dignitaries that attended, Myanmar military and police were murdering, injuring, and detaining hundreds throughout the country. Indeed, junta forces made good on the warning that was issued to protesters 24 hours prior on state television: "You should learn from the tragedy of earlier ugly deaths that you can be in danger of getting shot in the head and back." All told, forces under the junta's command murdered at least 140 civilians on that day alone.

Using the horrendous example of that massacre, and too numerous other acts of violence, this report lays out how and why there are reasonable grounds to believe that the Myanmar military, under the command of Senior General Min Aung Hlaing, has committed the crimes of murder, imprisonment, torture, persecution, deportation and forcible transfer of the population as part of a widespread and systematic attack against the people of Myanmar.

Those who have followed the news of the military's brutal and sustained assault on the people of Myanmar will find at least some of the accounts in this report familiar: The cold-blooded murders of innocent men, women, and children; the ruthless torture of political prisoners; the unmitigated nationwide attack on civilians. Nevertheless, seeing the experiences of eyewitnesses and survivors documented in this report in painstaking detail, one after the other, is chilling.

Even more chilling in this report is what will not be familiar to most, such as the premeditated, systematic nature of the junta's attack; testimony from soldiers on the deployment of snipers to kill and terrorize people; and even a Myanmar military "fieldcraft" manual obtained by Fortify Rights instructing soldiers to "Make sure a bullet equates to an enemy killed."

Starting with Senior General Min Aung Hlaing, ***"Nowhere is Safe"*** identifies 61 high-ranking military and police officials who should be investigated and potentially held criminally liable for crimes against humanity.

Will they ever face justice? That depends on the action of the international community, starting with the United Nations and the Security Council. With junta allies such as Russia holding a veto in the Security Council, action is unlikely, at least in the short term. Russia is one of the junta's largest suppliers of the very weapons that are being used against the Myanmar people. But Security Council member states should still put forward a resolution mandating an arms embargo against the Myanmar military.

In addition, there are other ways to seek justice for those who have been victims of this brutal military. They include using the courts of nations who have universal jurisdiction laws. Argentina's judiciary, for example, has agreed to open an investigation of genocide that the military is accused of committing against the Rohingya ethnic minority of Myanmar. And the International Court of Justice is now considering a case, brought by The Gambia, on whether the brutal attacks that were launched against the Rohingya, in a military operation overseen by Senior General Min Aung Hlaing, meet the legal definition of genocide.

Governments can also seek to hold the junta accountable through coordinated, targeted economic sanctions and the embargo of the weapons that the Myanmar military is using to kill innocent people.

Lastly, if there were any doubts about whether the junta's crackdown constitutes mass atrocity crimes, this report should lay them to rest. The actions of the military junta of Myanmar should be called what they truly are: crimes against humanity.

Many of you reading this may know me as the U.N. Special Rapporteur on the situation of human rights in Myanmar. But I am also a Senior Fellow at the Schell Center for International Human Rights at Yale Law School, and I am honored to be associated with the extraordinary joint Fortify Rights-Schell Center team that made this remarkable document possible. They, and countless others, are part of an international movement of people of conscience who are committed to pursuing justice and accountability for the people of Myanmar.

Tom Andrews



# Map of Myanmar




ဖက်ဒရယ်ပြည်ထောင်စု
ပေါ်ပေါက်ရေး
BECOMING
A FEDERAL UNION




နိုင်ငံအဝှမ်း တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးပြိုင်ဘက်များနှင့် ဆန္ဒပြသူများကို အကြီးအကျယ် ထောင်သွင်းအကျဉ်းချခြင်း နှင့် စစ်အာဏာသိမ်းအုပ်စုမှနေပြီး အသက်သေကြေလောက်အောင် နှိမ်နင်းဖြိုခွင်းမှုများ ပိုမိုများပြားလာလျက်ရှိနေသည့်ကြားက မန္တလေးတိုင်းဒေသကြီးတွင် ထောင်သောင်းချီသော လူအုပ်ကြီးသည် အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြပွဲတစ်ခုအတွင်း ချီတက်ဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။ ©ဘိုဘို၊ မတ်လ ၇ ရက်၊ ၂၀၂၁။




အာဏာသိမ်းမှုဖြစ်ပွားသည့်နေ့တွင် နေပြည်တော်ရှိ ပါလီမန်သို့သွားရာ လမ်းကို မြန်မာစစ်အာဏာသိမ်း အင်အားစုများက ပိတ်ဆို့ထားသည်ကို တွေ့မြင်ရစဉ်။ ©ငြိမ်းစုဝေကျော်စိုး၊ ဖေဖော်ဝါရီ ၁ ရက်၊ ၂၀၂၁။

# အကျဉ်းချုပ် (Summary)

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာဏာသိမ်းမှုစတင်ချိန်မှစ၍ ၎င်း၏ အာဏာသိမ်းအုပ်စုသည် အရေးယူခြင်းမခံရဘဲ နိုင်ငံအနှံ့ အရပ်သားပြည်သူများကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါသည်။ စစ်သားနှင့် ရဲများသည် လူပေါင်းမြောက်များစွာကို သတ်ဖြတ်၊ ထောင်ပေါင်းများစွာကို အကျဉ်းချ၊ အကျဉ်းချခံရသူများကို စနစ်တကျ ညှင်းဆဲကာ နိုင်ငံရေးပြိုင်ဖက်များကို ကွပ်မျက်ခဲ့ပါသည်။ လူဦးရေ ၅၅ သန်းရှိ အရှေ့တောင်အာရှနိုင်ငံမှ ပြည်သူများကို အဓမ္မနေရပ်စွန့်စေ၊ ထွက်ပြေးစေခဲ့သည်။ သို့မဟုတ်လျှင် စစ်တပ်အုပ်ချုပ်မှုကို အာခံတွန်းလှန်နေရသည့် အနေအထားပင်ဖြစ်ပါသည်။

နိုင်ငံ့စီးပွားရေးမှာ လဲပြိုကျဆင်းခဲ့ရပြီး နေရာအစုအချို့မှ ပြည်သူတစ်ချို့မှာလည်း မိမိနှင့် နိုင်ငံကိုကာကွယ်ရန် အတွက် လက်နက်ကိုင်ခဲ့ကြပါသည်။ နှစ်ရှည်လများစွာဖြစ်ပွားလျှက်ရှိသော တိုင်းရင်းသားလက်နက်ကိုင်နှင့် စစ်တပ်ကြားပြဿနာသည် အရှိန်မြင့်ပြင်းထန်လာခဲ့ပြီး မြန်မာ့စစ်တပ်သည် တိုင်းရင်းသားပြည်နယ်နှင့် ပြည်မ တိုင်းဒေသများတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများအပါအဝင် ၊ မြေပြင်၊လေကြောင်းစသည်တို့ဖြင့် ထိုးစစ်ဆင်လျက်ရှိပါသည်။

မြန်မာပြည်က ဒီအခြေအနေအထိ ဘယ်လို ရောက်လာခဲ့တာလဲ။ ၂၀၂၁ အာဏာသိမ်းမှုဖြစ်ပြီးကတည်းက မြန်မာစစ်တပ်သည် အစုလိုက်အပြုံလိုက်ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများကို အနည်းဆုံး အဆင့်နှစ်ခု ဖြင့် ကျူးလွန်ခဲ့ပြီး ယင်းတို့မှာ အခုထိ ဆက်စပ်ဖြစ်ပေါ်ဆဲဖြစ်သည်။ ပထမအဆင့်မှာ မြန်မာ့စစ်တပ်နှင့် ရဲတပ်ဖွဲ့များ၏ ငြိမ်းချမ်းစွာဆန္ဒပြသူများနှင့် စစ်အုပ်ချုပ်ရေးကို ဆန့်ကျင်သည့် ပြည်သူများအပေါ်



အကြမ်းဖက်သေဆုံးစေသည့် ဖြိုခွင်းမှုများပါဝင်ပါသည်။ ဒုတိယအဆင့်မှာ တိုင်းရင်းသားပြည်နယ်များရှိ ပဋိပက္ခနှစ်ရှည်လများစွာဖြစ်ပေါ်လျက်ရှိသော နယ်မြေများနှင့် ဒုတိယကမ္ဘာစစ်ကတည်းက လက်နက်ကိုင်ပဋိပက္ခကို မကြုံဖူးခဲ့သော တိုင်းဒေသကြီးများတွင်ပါ မြန်မာစစ်တပ်၏ အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုတို့ ပါဝင်ပါသည်။

"လုံခြုံရာအရပ်ကင်းမဲ့နေခြင်း" - အာဏာသိမ်းမှုအပြီး မြန်မာ့စစ်အာဏာသိမ်းအုပ်စု၏ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အမည်ရှိ ဤအစီအရင်ခံစာသည် အာဏာသိမ်းမှုနောက်ပိုင်း အရပ်သားပြည်သူများကို တိုက်ခိုက်သည့် ပထမဆင့် - အတိအကျဖော်ပြရလျှင် ၂၀၂၁ ဖေဖော်ဝါရီလမှ ဇူလိုင်လအထိ ၆ လတာအတွင်း မြန်မာစစ်တပ်နှင့် ရဲများမှ ဆန္ဒပြပြည်သူများအပေါ် ဖြိုခွင်းမှုကို အဓိက အခြေခံထားပါသည်။ ဤသည် လူသတ်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ ဖမ်းဆီးထောင်ချမှု၊ အဓမ္မဖျောက်ဖျက်မှု၊ အဓမ္မနေရပ်စွန့်စေမှုနှင့် ကွပ်မျက်မှုတို့ကို မှတ်တမ်းတင်ထားပြီး လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် မြန်မာ့အာဏာသိမ်းအုပ်စုမှာ တာဝန်ရှိကြောင်း ယုံကြည်ရသည့် ခိုင်လုံသော အကြောင်းအရင်းများကို တွေ့ရှိထားကာ ဥပဒေကြောင်းအရ အသေးစိတ်ခွဲခြမ်းလေ့လာထားမှုကို တင်ပြထားပါသည်။

ထို့နောက် ဤအစီအရင်ခံစာသည် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် စစ်ဆေးကာ စွဲချက်တင်သင့်သည့် စစ်နှင့် ရဲအရာရှိ ၆၁ ယောက်ကို ခွဲခြားဖော်ထုတ်ထားပြီး စစ်တပ်၏ တပ်ဖွဲ့စည်းပုံများအကြောင်းအပါအဝင် စွဲချက်တင်သူ တရားလိုရှေ့နေများအတွက် အကျိုးရှိနိုင်သည့် အချက်အလက်အသစ်များကိုလည်း တင်ပြထားပါသည်။

ထို့အပြင် စစ်မှုထမ်း(ဆဲ)ပုဂ္ဂိုလ်များဆီမှရရှိသည့် သတင်းအချက်အလက်များကို အခြေခံ၍ ဤ "လုံခြုံရာအရပ် ကင်းမဲ့နေခြင်း" အစီရင်ခံစာသည် နိုင်ငံအနှံ့ စစ်စခန်းတည်နေရာ ၁၀၄၀ ခုကို တင်ပြထားပါသည်။ ဤ စာရေးသားချိန်အထိ တိကျမှန်ကန်သော ၎င်းတည်နေရာများသည် စစ်တပ်စခန်း



နှင့် နီးစပ်ရာတွင်ရှိသော ရက်စက်ယုတ်မာသည့်ရာဇဝတ်မှု ဖြစ်ပွားရာနေရာများနှင့် အခြားနေရာများကို ခြေရာခံနိုင်ရန် စွဲချက်တင်သူများအား ကူညီနိုင်ပါသည်။ အဆိုပါတည်နေရာများကို ပူးတွဲစာများတွင် ဖော်ပြထားပြီး နောက်ပိုင်းတွင် ဆက်လက်ဆွေးနွေးထားပါသည်။

ဤအစီအရင်ခံစာသည် Fortify Rights နှင့် Yale Law School ရှိ the Orville H. Schell Center for International Human Rights ("Schell Center")၏ မြန်မာ့လူ့အခွင့်အရေးစီမံကိန်းတို့မှ ပြုလုပ်သည့် အင်တာဗျူးပေါင်း ၁၂၈ ခုကို အဓိက အခြေခံထားပါသည်။ အင်တာဗျူးဖြေကြားခဲ့သူများတွင် အန္တရာယ်ပြုစော်ကားခြင်းမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများ၊ ဆန္ဒပြပြည်သူများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့ဝင်များနှင့် မည်သည့်တိုင်းနှင့် ပြည်နယ်မှာမှ မပါဝင်သည့် နေပြည်တော်နယ်မြေအပါအဝင် နိုင်ငံ၏ပြည်နယ်နှင့်တိုင်း ၁၄ ခုအနက် ၁၂ ခုမှ မြို့နယ်ပေါင်း ၃၀ ရှိ စစ်တပ်၊ ရဲနှင့် ရေတပ် ဝန်ထမ်းဟောင်းများ ပါဝင်ပါသည်။ ဤအစီအရင်ခံစာကို ပြင်ဆင်ရာတွင် Fortify Rights နှင့် the Schell Center တို့သည် တပ်ရင်းတစ်ခုကို ကွပ်ကဲရသည့် ဒုတိယဗိုလ်မှူးကြီး ၁ ဦး၊ ဗိုလ်ကြီး ၃ ဦးနှင့် ဗိုလ်မှူး ၂ ဦးအပါအဝင် စစ်မှုထမ်း(ဆဲ)ပုဂ္ဂိုလ် ၆ ဦးနှင့်လည်း ဆက်သွယ်စကားပြောဆိုခဲ့ပါသည်။

Fortify Rights နှင့် the Schell Center သည် ရာဇဝတ်မှုများကျူးလွန်ရန် တပ်ဖွဲ့များအား ညွှန်ကြားသည့် ရုံးတွင်းမှတ်တမ်းနှင့် စစ်သားများအတွက် စစ်ရေးဆိုင်ရာလမ်းညွှန်စာအုပ်များအပါအဝင် စစ်တပ်မှ ပေါက်ကြားလာသည့် စာရွက်စာတမ်းများကိုလည်း ရယူခဲ့ပါသည်။

စစ်တပ်မှ ဦးဆောင်ဖြိုခွင်းခဲ့သည့် ကနဦး လများတွင် မြန်မာပြည်မှ အင်တာနက်သုံးစွဲသူများသည် မြန်မာ့အာဏာသိမ်းအုပ်စု၏ ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများနှင့် ပတ်သက်သော ဗီဒီယိုနှင့် ဓာတ်ပုံထောင်ပေါင်းများစွာကို လူမှုကွန်ယက်ပေါ်တွင် တင်ခဲ့ကြပါသည်။ သက်သေခံထွက်ဆိုချက်များကို မှတ်တမ်းတင်ခြင်းအပြင် Fortify Rights သည် လူမှုကွန်ယက်၊ အထူးသဖြင့် Twitter မှ ကောက်နှုတ်ရွေးချယ်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အဖြစ်အပျက်များနှင့် ပတ်သက်သော လူတိုင်းရယူနိုင်သည့် အချက်အလက် Open Source Information ဒေတာအချက်ပေါင်း ၁၁၅၃ ခုကို စုဆောင်းခဲ့ပါသည်။ ၂၀၂၁ မတ်လမှ မေလအတွင်း အဆိုပါ ဒေတာများကို "ဖမ်းဆီးခြင်း/ထိန်းသိမ်းခြင်း", "ရိုက်နှက်ခြင်း/အနာတရ", "သတ်ဖြတ်ခြင်း/လူသေအလောင်း"နှင့် အိုးအိမ်ပစ္စည်း၊ ဘာသာရေးအဆောက်အဦးများကို ဖျက်စီးခြင်းကဲ့သို့ တခြားလူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် အခန်းကဏ္ဍအလိုက် စနစ်တကျ စီစဉ်ထားပါသည်။

◀ ရန်ကုန်မြို့လယ်ရှိ အာဏာသိမ်းမှုကို ဆန့်ကျင်သော လူထုစုဝေးမှုတစ်ခုတွင် ဆန့်ကျင်တော်လှန်ခြင်း၏ သင်္ကေတအနေဖြင့် မြန်မာပြည်သူများမှ ခံယူအသုံးပြုနေလျက်ရှိသော လက်သုံးချောင်းသင်္ကေတအား ဆန္ဒပြပြည်သူတစ်ဦးမှနေပြီး ထုတ်ဖော်ပြနေပုံ။ ©အောင်နိုင်ထွန်းဟိန်း၊ ဖေဖော်ဝါရီ ၁၇ ရက်၊ ၂၀၂၁။

# အစုလိုက်အပြုံလိုက်ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများ

မြန်မာစစ်တပ်မှ အစိုးရကို အင်အားသုံးဖြုတ်ချခဲ့သည့်နေ့တွင် ၂၀၂၀ နိုဝင်ဘာ ၈ ရက်၌ နိုင်ငံတော် ရွေးကောက်ပွဲများကို NLD မှ အပြတ်အသတ်အနိုင်ရရှိခဲ့၍ လွှတ်တော်သစ်တစ်ရပ်ကို စတင်ရန် စီစဉ်ထားခဲ့ကြသည်။ ဖေဖော်ဝါရီ ၁ ရက် အစောပိုင်းအချိန်တွင် မြန်မာစစ်သားများသည် နိုင်ငံတော်၏ အတိုင်အပင်ခံ ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတဦးဝင်းမြင့်နှင့် တခြားဒါဇင်ပေါင်းများစွာသော လွှတ်တော်အမတ်များနှင့် အစိုးရအရာရှိများကို ထိန်းသိမ်းခဲ့ပါသည်။ မဲ မသမာမှုကိုအကြောင်းပြုပြီး တပ်မတော်ဟုခေါ်သော မြန်မာ့စစ်တပ်သည် “နိုင်ငံတော်အရေးပေါ်အခြေအနေ”ကို ကြေညာကာ အစိုးရ၏ အာဏာအလုံးစုံကို သိမ်းယူရန် ကြိုးပမ်းခဲ့ပါသည်။

နောက်တနေ့ ဖေဖော်ဝါရီ ၂ ရက်တွင် မြန်မာ့စစ်အာဏာသိမ်းအုပ်စုက “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ”(စကစ) ဟုခေါ်သော အဖွဲ့တစ်ခုမှ ရွေးကောက်ပွဲအသစ်များ မကျင်းပမည်အထိ တစ်နှစ်တာခန့် နိုင်ငံကို အုပ်ချုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ မြန်မာ့စစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စကစကို ဦးစီးမည် ဖြစ်ပါသည်။

ရက်အနည်းငယ်အတွင်းတွင် မြန်မာပြည်သူများသည် လမ်းပေါ်ထွက်လာခဲ့ကြသည်။ နိုင်ငံအတွင်း အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ပထမဆုံးသော လမ်းပေါ်ထွက်ဆန္ဒပြမှုမှာ (အရွယ်အစားအားဖြင့်) လွန်စွာသေးငယ်ကာ မန္တလေး၌ ဖေဖော်ဝါရီလ ၄ ရက်နေ့က ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ပါဝင်ခဲ့သူ ၅ ဦးမှာ အဖမ်းခံခဲ့ရပါသည်။ နောက်ပိုင်းတွင် ဆန္ဒပြမှုသည် ပမာဏ၊ အရွယ်အစား၊ နေရာအားဖြင့် ကြီးထွားလာခဲ့ပြီး နိုင်ငံအနှံ့ သန်းပေါင်းများစွာသောပြည်သူတို့သည် နည်းပေါင်းစုံဖြင့် ပါဝင်ခဲ့ကြပါသည်။

ဖေဖော်ဝါရီ ၄ ရက်မှ ၉ ရက်အထိ ဆန္ဒပြမှုများကို တုန့်ပြန်သည့်အနေဖြင့် မြန်မာစစ်တပ်နှင့် ရဲများသည် ဆန္ဒပြသူများအပေါ် အစုလိုက်ဖမ်းဆီးခြင်းနှင့် ရေအမြောက်၊ မျက်ရည်ယိုဗုံး၊ ရာဘာကျည် စသော အသေအပျောက်နည်းနိုင်သည့် လက်နက်များကို ကနဦး သုံးခဲ့ပါသည်။ ဖေဖော်ဝါရီ ၉ ရက်နေ့တွင် အာဏာသိမ်းအုပ်စုသည် အရပ်သားများအပေါ် သေစေလောက်သည့် တရားမဝင် အင်အားသုံးမှုမျိုး ပြုလုပ်ခဲ့ပြီး ဆန္ဒပြသူများကို အစုလိုက်အပြုံလိုက်ဖမ်းစီးခဲ့ပါသည်။ ပထမဆုံးသော သေဆုံးမှုမှာ ၁၉ နှစ်အရွယ်ကျောင်းသူ မမြသွဲ့သွဲ့ခိုင် အမှု ဖြစ်ပါသည်။ အမဖြစ်သူနှင့်အတူ ဒီမိုကရေစီတောင်းဆိုသည့် ဆန္ဒပြပွဲတစ်ခုတွင်ပါဝင်ခဲ့ရာ ဖေဖော်ဝါရီလ ၉ ရက်နေ့ နေပြည်တော် တောင်ညိုလမ်းပေါ်၌ ရဲများမှ သူမ၏ ဦးခေါင်းနောက်စေ့ကို သေစေလောက်အောင်အထိ ပစ်ခတ်ခဲ့ခြင်း ဖြစ်ပါသည်။ ၁၀ ရက်အကြာတွင် သူမ သေဆုံးသွားပြီးဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

အဆိုပါ ပထမလူသတ်မှုနောက်ပိုင်းတွင် လူသတ်မှု၊ ထောင်ချမှု၊ ညှင်းပန်းနှိပ်စက်မှု၊ အဓမ္မအပျောက်ဖျောက်မှုနှင့် အဓမ္မနေရပ်စွန့်စေမှုအပါဝင် အရပ်သားပြည်သူအပေါ် မြန်မာစစ်တပ်မှ ဦးစီးကာ နေရာအနှံ့ စနစ်တကျ တိုက်ခိုက်ခြင်းအဖြစ်သို့ အခြေအနေ အသွင်ပြောင်းသွားခဲ့ပါသည်။ ဤအစီအရင်ခံစာသည် ထိုကဲ့သို့ တိုက်ခိုက်မှုများစွာ၏ ကိုယ်တွေ့ သက်သေအထောက်အထားများကို မှတ်တမ်းတင်ထားပါသည်။

အာဏာသိမ်း ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သူ့ တပ်ဖွဲ့များသည် မိန်းမ၊ ယောကျ်ား၊ ကလေး၊ လူကြီးအပါအဝင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံမှ လူများကို ပစ်မှတ်ထားခဲ့ကြပါသည်။ သတ်ဖြတ်ရန်နှင့် ဖမ်းဆီးရန် ပစ်မှတ်ထားခံရသူများမှာ နိုင်ငံရေးသမားများနှင့် အစိုးရအရာရှိများ၊ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်လုပ်သားများ၊ အကြမ်းမဖက်ဆန္ဒပြသူများ၊ ဖြတ်သန်းသွားလာသူများ၊ ရိုက်ကူးရေးမှ ပုဂ္ဂိုလ်များ၊ လုပ်သားများ၊ (ဆိုင်ရာပတ်ဝန်းကျင်တွင်) ဩဇာညောင်းသည့်ပုဂ္ဂိုလ်များ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ ကဗျာဆရာများနှင့် စာရေးဆရာများ၊ ထင်ပေါ်ကျော်ကြားသူများနှင့် တခြားပုဂ္ဂိုလ်များပါဝင်ပါသည်။

ဥပမာ၊ အေးငြိမ်းစံ(၂၅) မှ ရဲသားလေးယောက်နှင့် ပြောက်ကျားဝတ်စုံဝတ်ထားသည့် စစ်သားတစ်ယောက်သည် မတ်လ ၂၃ ရက် ညနေ ၃:၃၀ ခန့်တွင် မန္တလေး ချမ်းမြသာစည်မြို့နယ်မှ သူမ မိသားစုနေအိမ်၏ အိမ်ရှေ့တံခါးအား ကန်ကျောက်ဖျက်စီးဝင်ရောက်ခဲ့ပုံကို Fortify Rights နှင့် the Schell Center အား ဖော်ပြပြောဆိုခဲ့ပါသည်။ ထိုနောက် ရဲနှင့် စစ်သားသည် ၂၁ နှစ်အရွယ် သူမ၏ မောင်လေးကို ရက်စက်စွာ ရိုက်နှက်ဖမ်းဆီးခဲ့ပြီး ၇ နှစ်အရွယ် သူမ၏ ညီမကိုလည်း ဖခင်၏ပေါင်ပေါ်တွင်ထိုင်နေစဉ် ပစ်သတ်ခဲ့ကြပါသည်။

“သူတို့က ကျွန်မမောင်လေးကို ဒရွက်တိုက်ဆွဲခေါ်သွားပြီး ကျွန်မရဲ့ ညီမလေးကို ပစ်သတ်သွားကြတယ်” ဟု (ဖြစ်စဉ်ကို) ပြန်လည်ပြောပြခဲ့ပါသည်။ “လုံခြုံတယ်လို့ ယူဆရတဲ့နေရာမှာ ကျွန်မတို့ပုန်းနေပါတယ်။ တကယ်တော့ လုံခြုံရာအရပ်ဆိုတာ မရှိတော့ပါဘူး” ဟု သူမက ဆိုသည်။




ရန်ကုန်မြို့ရှိ အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြမှုဖြစ်စဉ်တစ်ခုအတွင်းတွင် ဆန္ဒပြသူတစ်ဦးအား ဖမ်းဆီးပြီးနောက် ထိုသူအား ပြင်းထန်စွာ ရိုက်နှက်နေသည်ကို တွေ့ရစဉ်။ ©SA၊ မတ်လ ၆ ရက်၊ ၂၀၂၁။



ရန်ကုန်မြို့ရှိ အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြမှု ဖြစ်စဉ်တစ်ခုအတွင်း တွင် ဆန္ဒပြ ပြည်သူနှစ် ဦးအား မြန်မာရဲ တပ်သားများမှ ဖမ်းဆီး ခေါ်ဆောင်သွားသည်ကို တွေ့ရစဉ်။ ၎င်းတို့ နှစ်ဦး အနက်မှ တစ်ဦးသည် ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိပြီး သွေးများယိုစီးထွက် နေသည်ကိုလည်း တွေ့နိုင်သည်။ ©SA၊ ဖေဖော်ဝါရီလ ၂၈ ရက်၊ ၂၀၂၁။

## လူသတ်မှု

မြန်မာ့စစ်တပ်နှင့် မြန်မာ့ရဲတပ်ဖွဲ့အရာရှိတို့သည် နိုင်ငံအနှံ့ မြို့ငယ်၊ မြို့ကြီးများရှိ လမ်းများတွင် လက်နက်မဲ့ပြည်သူများ (အများစုမှာ ငြိမ်းချမ်းစွာဆန္ဒပြသူများ)ကို ရက်သတ္တပတ်များ ဆက်တိုက်နေ့ခင်းကြောင်တောင် အချိန်များတွင်ပါ ပစ်သတ်ခဲ့ကြပါသည်။

မြန်မာစစ်တပ်၏ တိုက်ခိုက်ခြင်းကိုခံလိုက်ရသည့် ဒုက္ခသည်များအား ကုသပေးနေသော ဆေးဆရာဝန်က သေစေနိုင်သော အချိန်အဆနှင့် ရည်ရွယ်ချက်ကို ရွယ်ညွှန်းပြောဆိုလျက် ဒုက္ခသည်များစွာတို့သည် ကျည်တစ်တောင့်တည်းဖြင့် ရင်ဘက် သို့မဟုတ် ခေါင်းစသည့်နေရာတို့ကို သေလောက်အောင် ပစ်ခတ်ခံခဲ့ရကြောင်း Fortify Rights နှင့် the Schell Center တို့ကို ဖော်ပြပြောဆိုခဲ့ပါသည်။ စစ်ပြေးများက မြန်မာ့စစ်တပ်သည် နိုင်ငံတော်၏လိုအပ်ချက် မူတစ်ရပ်သဖွယ် ဆန္ဒပြသူများကို သတ်ဖြတ်ရန်နှင့် ၎င်းတို့ကြားအကြောက်တရားကို ရိုက်သွင်းရန် စနိုက်ပါသမားများအား ဖြန့်ချထားခဲ့ပုံကိုလည်း ရှင်းပြပြောဆိုခဲ့ပါသည်။

မျက်မြင်သက်သေနှင့် အသက်ဘေးမှ လွတ်မြောက်လာသူများ၏ ထွက်ဆိုချက်များအပြင် Fortify Rights နှင့် the Schell Center တို့သည် မြန်မာပြည်သူများက လူမှုကွန်ယက်ပေါ်တွင်တင်ခဲ့ကြသည့် လူသတ်မှုနှင့်ပတ်သက်သော open source ဗီဒီယိုနှင့် ဓာတ်ပုံပေါင်း ၃၀၅ ခုကိုလည်း သုံးသတ်ခဲ့ကြပါသည်။ Fortify Rights နှင့် the Schell Center တို့သည် အခါအခွင့်သင့်သည့်အခါတိုင်း အဆိုပါ မူရင်းဗီဒီယိုများ၏ ပိုင်ရှင်များနှင့် သိလိုသော အဖြစ်အပျက်များကို မျက်မြင်ကြုံတွေ့ခဲ့ရသူများအားလည်း အင်တာဗျူးမေးခဲ့ပါသည်။

## ထောင်ချခြင်း

အာဏာသိမ်းပြီးချိန်မှ စ၍ အာဏာသိမ်းအုပ်စုသည် ကလေးများ၊ သြဇာညောင်းသည့် ခေါင်းဆောင်များ၊ ရွေးကောက်ခံအရာရှိများ၊ ငြိမ်းချမ်းစွာ ဆန္ဒပြသူများ၊ သတင်းထောက်များ၊ ရှေ့နေများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများနှင့် တခြားပုဂ္ဂိုလ်များ အပါအဝင် ထောင်ပေါင်းများစွာသော လူများကို နိုင်ငံအနှံ့တွင် အလစ်ဝင်စီးခြင်းဖြင့် စနစ်တကျ ထောင်ချခဲ့ပါသည်။ ၎င်းကိုယ်တိုင်ဝန်ခံချက်အရ အာဏာသိမ်းအုပ်စုသည် ဖေဖော်ဝါရီ ၁ ရက်မှ ဧပြီ ၁၅ ရက်အကြား အာဏာသိမ်းမှုကို ဆန့်ကျင်ခြင်းနှင့်ပတ်သက်၍ ထိန်းသိမ်းခဲ့သူပေါင်း ၉၉၄၈ ဦးရှိခဲ့ပြီး ယင်းအနက် ၅၀၇၀ ဦးကို ရာဇဝတ်မှုဖြင့် တရားစွဲဆိုထားသည်ဟု



ရန်ကုန်၊ လှိုင်သာယာမြို့နယ်ရှိ ဒီမိုကရေစီလိုလားသော ဆန္ဒပြမှုဖြစ်စဉ်တစ်ခုတွင် မြန်မာစစ်အုပ်စုများမှ ပစ်လိုက်သည့် ကျည်ဆံ ခြေထောက်ကို မှန်သွားပြီး ဒဏ်ရာရသွားသော ဆန္ဒပြပြည်သူတစ်ဦးကို အခြား ပြည်သူများမှ ဆေးဝါးကုသပေးရန်အတွက် သယ်ယူသွားကြသည်။ ထိုနေ့က မြန်မာစစ်တပ်နှင့် ရဲများသည် အနည်းဆုံး လူ ၆၅ ဦးကို သတ်ဖြတ်ခဲ့ကြပြီး ထိုနေ့မှာ အာဏာသိမ်းပြီးနောက် အသေပျောက်အများဆုံးနိမ်နင်းမှု တစ်ခုဖြစ်ခဲ့သည်။ ©ငြိမ်းစုဝေကျော်စိုး၊ မတ်လ ၁၄ ရက်၊ ၂၀၂၁။

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့ ၂၀၂၁ ဧပြီလ အာဆီယံထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးရန် အာဏာသိမ်းအုပ်စုမှ တင်သွင်းခဲ့ပြီး Fortify Rights နှင့် the Schell Center တို့မှ မြင်တွေ့ခွင့်ရခဲ့သည့် ထုတ်ဝေထားခြင်းမရှိသော မှတ်တမ်းများအရ သိရှိရသည်။

Fortify Rights နှင့် the Schell Center သည် ဆန္ဒပြသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ချို့ကို အဓမ္မဖမ်းဆီးရန်အမိန့်ပေးခဲ့သော မြန်မာရဲတပ်ဖွဲ့မှ ပေါက်ကြားလာသော ရုံးတွင်းမှတ်တမ်း သုံးခု၏ စစ်မှန်မှုကို လွတ်လပ်စွာအတည်ပြု ရယူနိုင်ခဲ့ပါသည်။ မတ်လ ၁၇ ရက်နေ့ကထုတ်ဝေခဲ့သည့် မှတ်တမ်းတစ်ခုတွင် ဆန္ဒပြပွဲအားကောင်းသည့်နေရာများမှ ဦးဆောင်သူများကို "ရှင်းလင်းရန်နှင့် ထိန်းသိမ်းရန်" စစ်တပ်နှင့် ပူးပေါင်းဖို့ ရဲများအား အမိန့်ပေးထားပါသည်။ (မြန်မာ့စစ်တပ်မှ ထိန်းချုပ်သည့်) မြန်မာရဲတပ်ဖွဲ့၏ အခြား မှတ်တမ်း နှစ်ခုတွင် ဆင်တူသော အသုံးအနှုန်းများ ကိုယ်စီပါဝင်သော်လည်း ၎င်းတို့အား သီးခြားရဲစခန်းများမှ မတူသည့်နေ့စွဲများဖြင့် ထုတ်ဝေထားပြီး အရာရှိများအား ဆန္ဒပြခေါင်းဆောင်များကို ဖမ်းစီးရန်နှင့် ညအချိန်အလစ်ဝင်စီးရန် ညွှန်ကြားထားပါသည်။

## ညှင်းပန်းနှိပ်စက်ခြင်း

မြန်မာ့စစ်တပ်နှင့် ရဲများသည် အာဏာသိမ်းပြီးချိန်မှစ၍ အရပ်သားပြည်သူများအပေါ် နေရာအနှံ့စနစ်တကျ ညှင်းပန်းနှိပ်စက်မှုများအတွက် တာဝန်ရှိသည်။ "လုံခြုံရာအရပ် ကင်းမဲ့နေခြင်း" တွင် ညှင်းပန်းနှိပ်စက်မှုနှင့် မြန်မာစစ်တပ်၏ ဆိုးရွားစွာဆက်ဆံမှုတို့မှ လွတ်မြောက်လာသူများ၊ ၎င်းတို့မိသားစုဝင်များနှင့် နှိပ်စက်မှု၊ ဆိုးရွားစွာဆက်ဆံမှုကို မြင်တွေ့ခဲ့သူများ၏ ထွက်ဆိုချက်များ ပါဝင်ပြီး အရပ်သားပြည်သူအပေါ် မြန်မာစစ်တပ်မှ ကျူးလွန်သည့် နှိပ်စက်မှုနှင့် ပတ်သက်သော ဗီဒီယိုများအပါအဝင် ထပ်လောင်း သက်သေအထောက်အထားများကိုလည်း ခွဲခြမ်းစိတ်ဖြာလေ့လာထားပါသည်။

## အစမွအပျောက်ဖျောက်မှု

အရာရှိများက တစ်စုံတယောက်ကို ဖမ်းဆီးပြီး ဥပဒေအကာအကွယ်၏ အပြင်ဖက်တွင်ထားရှိလျှက် လွတ်လပ်ခွင့်ကိုပိတ်ပင်ထားကြောင်း အသိအမှတ်ပြုရန် ငြင်းဆန်သည့်အခါ (သို့) ၎င်းတို့၏ အခြေအနေ (ကံကြမ္မာ) သို့မဟုတ် ၎င်းတို့ရှိရာအရပ်ကို ဖုံးကွယ်ထားသည့် အခါမျိုး၌ အစမွအပျောက် ဖျောက်မှုကို တွေ့ရတတ်ပါသည်။ ဤအစီအရင်ခံစာသည် အာဏာသိမ်းပြီးချိန်မှစ၍ အာဏာသိမ်းအုပ်စုမှ အပျောက် ဖျောက်ထားသည့် လူပုဂ္ဂိုလ်များ၏ မိသားစုဝင်များမှ ထွက်ဆိုချက်များကို အဓိကထား တင်ပြထား ပါသည်။

ဥပမာ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းအုပ်စုသည် အသက် ၇၆ နှစ်အရွယ်ရှိ NLD ၏ ပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာအောင်ရှင်ကို ဖမ်းဆီးခဲ့ပါသည်။ မိသားစုဝင် တစ်ဦးက Fortify Rights နှင့် the Schell Center ကို ပြောသည်မှာ -

> သူ့ကို ဖေဖော်ဝါရီလ ၁ ရက် မနက်စောစော ၄ နာရီခွဲလောက်မှာ ဖမ်းသွားတာပါ။ သူတို့က လာ ပြီးတံခါးခေါက်တယ်...ပြီးတော့ သူတို့နဲ့လိုက်ခဲ့ဖို့ပြောတယ်။ (မုံရွာအောင်ရှင်က) ဘာမှတော့ ပြန် မပြောဘူး၊ ဒီအတိုင်းပဲ လိုက်သွားတယ်။ ... သူတို့က ပြောက်ကျားယူနီဖောင်းတွေနဲ့၊ သူတို့က စစ်သားတွေ”

“ဘယ်သူမှ မဆက်သွယ်လာဘူး” ဟု သူမက ဆက်ပြောသည်။ “သူ့ရှုံးချိန်းနဲ့ ပတ်သက်လို့လည်း ဘာ သတင်းမှ မရဘူး။ ကျွန်မ အင်းစိန်ထောင်ကို သွားစုံစမ်းတယ်။ ... ဒါပေမယ့် သူနဲ့ ပတ်သက်ပြီး ဘာ သတင်းမှ မရခဲ့ဘူး”ဟု ဆိုသည်။ အာဏာသိမ်းအုပ်စုသည် မုံရွာအောင်ရှင်ကို အောက်တိုဘာလ ၂၀၂၁ တွင် လွှတ်ပေးခဲ့ပြီး တစ်လကျော်ခန့် အကြာတွင် နှလုံးရောဂါဖြင့် သေဆုံးခဲ့ရသည်။

ဤအစီအရင်ခံစာရေးသားချိန်အထိ အာဏာသိမ်းအုပ်စုသည် လူထောင်ပေါင်းများစွာကို အကျဉ်းချ ထိန်းသိမ်းထားဆဲ ဖြစ်ပါသည်။ ထိန်းသိမ်းခံထားရသူများ၏ နေရာနှင့် ဒုက္ခ၊ သုခအခြေအနေများကို မသိရဘဲ မြောက်များစွာသောသူတို့ကို အပျောက်ဖျောက်သည့် အခြေအနေတစ်ရပ်သို့ စင်စစ် မြင့်တက် လျက်ရှိပါသည်။




ရန်ကုန်၊ ဗဟန်းမြို့နယ် အတွင်းရှိ အာဏာသိမ်း မှုကို ဆန့်ကျင်သော ဆန္ဒပြမှုများကို အကြမ်းဖက် ဖြိုခွင်း နှိမ်နင်းမှုတစ်ခုအတွင်း တွင် မြန်မာစစ် အာဏာသိမ်းအင်အားစု များမှ ရာဘာကျည်ဆံ များဖြင့် ပစ်လိုက်သဖြင့် နဖူးနှင့် ခန္ဓာကိုယ်တို့ တွင် ဒဏ်ရာရရှိသွား သော အမျိုးသား တစ်ယောက်ကို ရှင်ပါကူဆေးရုံရှိ ဆရာဝန်များက ကုသ ပေးနေစဉ်။ ©အောင်နိုင်ထွန်းဟိန်း၊ မတ်လ ၅ ရက်၊ ၂၀၂၁။

## နယ်နှင်ခြင်းနှင့် အဓမ္မနေရပ်စွန့်စေခြင်း

ငြိမ်းချမ်းစွာဆန္ဒပြသူများကို ကနဦးကာလ လနှင့်ချီ ဖြိုခွင်းမှုအပြီး အာဏာသိမ်းအုပ်စုသည် နိုင်ငံအနှံ့ အရပ်သားပြည်သူမြောက်များစွာကို အဓမ္မနေရပ်စွန့်စေခဲ့သည်။ အာဏာသိမ်းမှုအပြီး ပထမ ၆ လ၌ ပဲခူးနှင့် စစ်ကိုင်းတိုင်းအပါအဝင် ချင်း၊ ကရင်နှင့် ကရင်နီပြည်နယ်များတွင် မြန်မာ့စစ်တပ်၏ တိုက်ခိုက်မှုသည် လူပေါင်း ၁၀၀,၀၀၀ ကျော်ကို နေရပ်စွန့်စေခဲ့သည်။ တချို့ပြည်သူများကို မြန်မာနိုင်ငံမှ ထိုင်းနှင့် အိန္ဒိယကဲ့သို့ အိမ်နီးချင်းနိုင်ငံများဆီ အဓမ္မနေရပ်စွန့်စေပြီး တခြားပြည်သူများမှာ ပြည်တွင်း၌ နေရပ်စွန့်သူများအဖြစ် ရှိနေပါသည်။

ဥပမာ- စစ်တပ်၏ ဖမ်းစီးနှိပ်စက်ခြင်းကို ခံခဲ့ရသော ၁၈ နှစ်အရွယ် ကရင်နီအမျိုးသား တစ်ဦးက ၎င်းနှင့် ၎င်း၏ဖခင်သည် စစ်တပ်လက်မှ ထွက်ပြေးခဲ့ရာ ကရင်နီပြည်နယ် မိုးဗြဲအနီး ရွာတစ်ရွာမှ အိမ်တစ်လုံးကို မီးရှို့နေသော နောက်ထပ် စစ်သားအုပ်စုတစ်ဖွဲ့နှင့် ကြုံခဲ့ရကြောင်းဆိုသည်။ "ကျွန်တော်တို့ အိမ်မပြန်ခဲ့ဘူး၊ ပိုလုံခြုံမယ့်နေရာတစ်ခုကိုပဲ သွားခဲ့ကြတာ။ လမ်းမှာ စစ်သားအုပ်စုနဲ့ တွေ့ခဲ့ရပြီးတော့ သူတို့မီးရှို့နေတဲ့ အိမ်တစ်လုံးကို တွေ့ခဲ့တယ်။ အခုအထိ ကျွန်တော်တို့အတွက် အိမ်ပြန်ဖို့ မလုံခြုံသေးဘူး" ဟု ၎င်းက ဆိုသည်။

နေရပ်စွန့်မိသားစုများသည် မြန်မာ့စစ်တပ်၏ အရပ်သားပြည်သူများကို လက်နက်ကြီးများဖြင့် တိုက်ခိုက်၍ အဓမ္မနေရပ်စွန့်စေခဲ့ပုံကိုလည်း ရှင်းပြပြောဆိုခဲ့ပါသည်။ အခြားပြည်သူများက အရပ်သားအိမ်များအား စစ်တပ်မှ မီးရှို့ခဲ့ပုံကိုလည်း ရှင်းလင်းပြောပြပါသည်။ အာဏာသိမ်းချိန်မှစ၍ ဤအစီအရင်ခံစာ ရေးသားချိန်အထိ စုစုပေါင်း နေရပ်စွန့်ခွာသူများမှာ ၅၀၀,၀၀၀ ကျော်အထိကြောင်း UN အရင်းအမြစ်များက ခန့်မှန်းပြောဆိုကြသည်။

## ဥပဒေအရ စိတ်ဖြာလေ့လာခြင်းနှင့် တွေ့ရှိချက်များ

ဤအစီအရင်ခံစာသည် ဆိုးရွားသောနိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်ထားရှိသည့် သက်သေအထောက်အထားများအား တင်ပြထားပြီး အဆိုပါရာဇဝတ်မှုများအတွက် တာဝန်ရှိသူများကို ခွဲထုတ်ဖော်ပြကာ မြန်မာ့စစ်တပ်မှ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ခြိမ်းခြောက်လျက်ရှိပုံတို့ကို ဖော်ညွှန်းထောက်ပြထားပါသည်။

ဖြစ်ပေါ်ဆဲတိုက်ခိုက်မှုများ၏ ရာဇဝတ်ဆိုင်ရာတိုင်းတာလေ့လာချက်သည် ယခင်ယူဂိုဆလားဗီးယား (Former Yugoslavia) ဆိုင်ရာနိုင်ငံတကာ ရာဇဝတ်ခုံရုံးနှင့် ရဝန်ဒါ (Rwanda) ဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်ခုံရုံးများကဲ့သို့ UN လုံခြုံရေးကောင်စီမှ ဖွဲ့စည်းသည့် ICC နှင့် အထူးရာဇဝတ်ခုံရုံးများမှ ချမှတ်သော ဥပဒေဆိုင်ရာ လုပ်ထုံးများအပါအဝင် နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) ၏ ရောမစာချုပ် (Rome Statute) ကို အခြေခံ၍ ချင့်တွက်လေ့လာထားပါသည်။

Fortify Rights နှင့် the Schell Center တို့သည် ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်း မြန်မာ့စစ်တပ်နှင့် ရဲများမှ ကျူးလွန်ထားသည့် အကြမ်းဖက်မှုများ၏ အကျိုးဆက်ကို ဥပဒေကြောင်းအရ စစ်ဆေးရန် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာရာဇဝတ်ဥပဒေများ၏ စာချုပ်ကို အခြေခံသော ကျင့်ထုံးဥပဒေမူဘောင်များကို အသုံးချထားပါသည်။ မျက်မြင်သက်သေများ၊ ဘေးအန္တရာယ်မှ လွတ်မြောက်လာသူများနှင့် စစ်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ ထွက်ဆိုချက်များ၊ တိုက်ခိုက်မှုအတိုင်းအတာနှင့် ပေါက်ကြားလာသည့် အာဏာသိမ်းအုပ်စု၏ မှတ်တမ်းများအပါအဝင် သက်သေအထောက်အထားများက စစ်အာဏာသိမ်းအုပ်စုသည် လူသတ်မှု၊ ထောင်ချမှု၊ အဓမ္မအပျောက်ဖျောက်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ ကွပ်မျက်မှု၊ နယ်နှင်မှုများနှင့် အဓမ္မနေရပ်စွန့်စေမှုများအား နိုင်ငံ့ အရပ်သားပြည်သူများအပေါ် နေရာအနှံ့ စနစ်တကျတိုက်ခိုက်မှု၏ တစိတ်တဒေသအဖြစ် ရည်ရွယ်ချက်ရှိရှိကျူးလွန်ထားကြောင်းကို (ယုံကြည်ရသောခိုင်မာသည့် အကြောင်းအရင်းများဖြင့်) တင်ပြထားပါသည်။ ထို့ကြောင့် Fortify Rights နှင့် the Schell Center တို့သည် မြန်မာစစ်တပ်မှ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ထားကြောင်း ယုံကြည်ရသည့် ခိုင်လုံသော သက်သေအထောက်အထားများကို တွေ့ရှိထားပါသည်။



အာဏာသိမ်းမှုကို ဆန့်ကျင်သော လူထု ဆန္ဒ ထုတ်ဖော်ပွဲများ အကြား ရန်ကုန်ရှိ ဗဟိုဘဏ် အဆောက်အဦး ရှေ့တွင် စစ်သား တစ်ဦးနှင့် စစ်တင်ကားတစ်စီးမှ ကင်းလှည့်လျက်ရှိသည်ကို တွေ့ရစဉ်။ ©SAI ဖေဖော်ဝါရီလ ၁၅ ရက်၊ ၂၀၂၁။

## စစ်ဆေးအရေးယူသင့်သည့် သီးခြားလူပုဂ္ဂိုလ်များ

ဤအစီအရင်ခံအတွက် စုဆောင်း၊ စိတ်ဖြာလေ့လာခဲ့သော အချက်အလက်အပေါ် အခြေခံ၍ လူသားမျိုးနွယ်စု အပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများအတွက် အကြီးတန်းမြန်မာစစ်တပ်နှင့် ရဲအရာရှိ အနည်းဆုံး ၆၁ ဦး၏ တာဝန်မကင်းမှုအပေါ် ရာဇဝတ်ဆိုင်ရာစုံစမ်းစစ်ဆေးချက်ကို အမိန့်ပေးဆောင်ရွက်နိုင်ရန် လုံလောက်သော သက်သေအထောက်အထားများရှိထားပြီ ဖြစ်သည်။ ထိတ်ဆုံးစာရင်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တွဲဖက်စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီးမြသာထွန်းတို့ပါဝင်ပါသည်။ UN လူ့အခွင့်အရေးအကောင်စီမှ ၂၀၁၇ မတ်လက ဖွဲ့စည်းခဲ့သည့် လွတ်လပ်သောနိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင်၏ အလိုအရ အဆိုပါပုဂ္ဂိုလ်များသည် အနည်းဆုံး ၂၀၁၁ မှစ၍ ရှမ်းနှင့် ကချင်ပြည်နယ်ရှိ ဖြစ်နိုင်ခြေ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအပါအဝင် ၂၀၁၆ နှင့် ၂၀၁၇ တွင် ရိုဟင်ဂျာလူမျိုးအပေါ် လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက်ပါ တာဝန်ရှိသူများဖြစ်ကြပါသည်။

ရောမစာချုပ်၏ ပုဒ်မ ၁၈(က)တွင် "စစ်တပ်မှူး (သို့) စစ်တပ်မှူးအဖြစ် စင်စစ်ဆောင်ရွက်နေသူ"အား "၎င်း၏ ကွပ်ကဲမှုနှင့် ထိန်းချုပ်မှုအောက်ရှိ တပ်ဖွဲ့များကြောင့်" သို့မဟုတ် "အဆိုပါတပ်ဖွဲ့များအပေါ် ကောင်မွန်စွာထိန်းချုပ်ရန် ပျက်ကွက်မှုကြောင့်" နိုင်ငံတကာ ရာဇဝတ်မှုများဖြစ်ပေါ်လာသောအခါ တစ်ဦးချင်းသီးခြား ရာဇဝတ်မှုအရ တာဝန်ယူ/တာဝန်ခံမှုရှိစေရန် ဆောင်ရွက်နိုင်ပါသည်။ ဆက်လက်၍ ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုကို တည်ဆောက်ရန်အတွက် စစ်တပ်မှူးသည် ရာဇဝတ်မှုများနှင့် ပတ်သက်၍ သိခဲ့သင့်၊ သိရမည်ဖြစ်သလို အဆိုပါရာဇဝတ်မှုများကို တားဆီး၊ နှိမ်နင်း (သို့) အစီအရင်ခံရန် "၎င်း၏ လုပ်ပိုင်ခွင့်အာဏာဘောင်အတွင်းမှ လိုအပ်သည့် ထိုက်သင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ဖို့ ပျက်ကွက်ခဲ့ခြင်း"ဖြစ်ပါသည်။

သံသယရှိ ကျူးလွန်သူများကို တာဝန်ယူမှုဆိုင်ရာ သီအိုရီ လေးရပ် (သို့) တာဝန်ယူမှုဆိုင်ရာ နည်းလမ်းများ (modes of liabilities) အောက် ရောမစာချုပ်၏ ပုဒ်မ ၂၅ အရ တာဝန်ခံခိုင်းနိုင်ပါသည်။ (၁) ရာဇဝတ်မှုကို တိုက်ရိုက် (သို့) သွယ်ဝိုက် ကျူးလွန်ခြင်း (သို့) ပူးပေါင်းကျူးလွန်ခြင်း (၂) ရာဇဝတ်မှု ကျူးလွန်ရန် အမိန့်ပေးခြင်း၊ အသနားခံလျှောက်တင်ခြင်း (သို့) တိုက်တွန်းခြင်း (၃) ရာဇဝတ်မှုကျူးလွန်ရာတွင် အထောက်အကူပြုခြင်း၊ အားပေးခြင်း (သို့) ကူညီခြင်း သို့မဟုတ် (၄) ရာဇဝတ်မှု ကျူးလွန်ရာတွင် များစွာ အားဖြည့်ကူညီခြင်းများ



ရန်ကုန်တွင် မတ်လ ၂၈ ရက်နေ့က အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြမှုများကို နှိမ်နင်းဖြိုခွင်းခဲ့သည့် ဖြစ်စဉ်တစ်ခုအတွင်း မြန်မာစစ်အာဏာသိမ်း အင်အားစုများမှ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည့် ဆန္ဒပြသူတစ်ဦး၏ နဖူးကို ဆွေမျိုးတော်စပ်သူတစ်ဦးမှ နောက်ဆုံးအနေဖြင့် နှုတ်ဆက်အနမ်းခြွေနေပုံ။ ©SA၊ မတ်လ ၃၀ ရက်၊ ၂၀၂၁။

အပေါ်အခြေခံ၍ ICC သည် နည်းလမ်းများစွာဖြင့် တာဝန်ရှိသူ သီးခြားတစ်ဦးချင်းစီကို ဖော်ထုတ်နိုင်ပါသည်။ ဤ တာဝန်ယူမှုဆိုင်ရာနည်းလမ်းကို အောက်တွင် အကျယ်တဝင့် ဆွေးနွေးထားပါသည်။

(စစ်/ရဲပြေး ၁၁ ဦးနှင့် စစ်မှုထမ်း(ဆဲ)ပုဂ္ဂိုလ် ၆ ဦးအပါအဝင်) စစ်နှင့်ရဲအရင်းအမြစ်များက ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အရပ်သားပြည်သူအပေါ် မြန်မာ့အာဏာသိမ်းအုပ်စု၏ နေ့ရာအနှံ့ စနစ်တကျတိုက်ခိုက်မှုနှင့် စပ်လျဥ်းကာ ကျူးလွန်သူများ၏ အချက်အလက် အထောက်အထားများနှင့် အဆင့်ဆင့်အမိန့်ပေးမှုဆိုင်ရာ အခြေအနေများကို ခိုင်ခိုင်မာမာတင်ပြနိုင်အောင် ကူညီခဲ့ပါသည်။ ရဲများ၏ ရုံးတွင်းမှတ်တမ်းနှင့် မြန်မာ့စစ်တပ်၏ စစ်ရေးဆိုင်ရာလမ်းညွှန်စာအုပ်အပါအဝင် အာဏာသိမ်းအုပ်စု၏ ရုံးတွင်းမှတ်တမ်း ၇ ခုမှာလည်း ထပ်လောင်း သက်သေများဖြစ်ပါသည်။

ဤစာကို ရေးသားချိန်အထိ တိကျမှန်ကန်ပြီး အစီရင်ခံစာ၏ နောက်ဆက်တွဲ၌ ပါရှိသောနိုင်ငံအနှံ့ စစ်စခန်းတည်နေရာ ၁၀၄၀ ခုတွင် မြန်မာစစ်တပ်၏ တိုင်းစစ်ဌာနချုပ်၊ စစ်ရေးကွပ်ကဲမှုဌာနချုပ်၊ ခြေမြန်တပ်ရင်းများနှင့် ခြေလျင်တပ်ရင်းများ၏ အခြေစိုက်တည်နေရာများပါဝင်ပါသည်။

စစ်မှုထမ်းဆဲပုဂ္ဂိုလ်များ၏ သတင်းအရင်းအမြစ်အရ အမိန့်ပေးကွပ်ကဲမှုတာဝန်နှင့် ပတ်သက်၍ အာဏာသိမ်းမှုအပြီး ချက်ချင်းဆိုသလို ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ” ဖွဲ့စည်းခြင်းအပေါ် လူအများဆန့်ကျင့်မှုကို တုန့်ပြန်ရန် “အထူးတပ်” အသစ် တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၎င်းကို ဒုတိယဗိုလ်မှူးချုပ်စိုးဝင်း၊ ဗိုလ်ချုပ်မြထွန်းဦး (စစ်တက္ကသိုလ် - နှစ် (အမှတ်စဉ်) ၂၅ “DSA-25”)၊ ဗိုလ်ချုပ်မောင်မောင်အေး (DSA-25) နှင့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း (DSA-30) စသော ဗိုလ်ချုပ်ကြီး ၄ ဦးမှ ဦးစီးသည်။

အထူးသဖြင့် နေပြည်တော် အပြင်ဘက်၌လှုပ်ရှားနေသော အထူးတပ်အား ယခင်က စစ်သားများလှုပ်ရှားလေ့မရှိသည့် မြို့ကြီး၊ မြို့ငယ်များရှိ တပ်ဖွဲ့များကို တပ်ဖြန့် ကွပ်ကဲခွင့် စစ်အာဏာကို ပေးအပ်ထားပါသည်။ စစ်တပ်အရင်းအမြစ်များအရ အထူးတပ်၏ အမိန့်မရဘဲ အမိန့်ပေးကွင်းဆက်အစဉ်ထဲမှ အခြားမည်သူမျှ မြန်မာနိုင်ငံရှိ အရပ်သားများနေထိုင်ရာမြို့ပြများနှင့် မြို့နယ်များအတွင်းသို့ စစ်တပ်ကို ရွှေ့လျားခွင့်မရှိပါ။

# အဓိက အကြံပြုချက်များ

မြန်မာစစ်အာဏာသိမ်းအုပ်စုသည် နိုင်ငံတကာရာဇဝတ်မှုများကို အရေးယူခြင်းမခံရဘဲ ကျူးလွန်လျက် ရှိပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။ ဤ အစီအရင်ခံစာသည် UN အဖွဲ့ဝင်နိုင်ငံများ၊ UN လုံခြုံရေးကောင်စီ၊ အာဆီယံနှင့် တခြားအဖွဲ့အစည်းများအား ပေးအပ်သည့် အကြံပြုချက်များ အပါအဝင် အာဏာသိမ်းအုပ်စု၏ နိုင်ငံအနှံ့အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုကို ရပ်တန့်ရန်နှင့် တည့်မတ်ကုစားရန် အကြံပြုချက်ပေါင်း ၂၈ ခုကို ပြုလုပ်ထားပါသည်။ အာဏာသိမ်းအုပ်စု၏ ရက်စက်ယုတ်မာမှုများကို တုန့်ပြန်သည့် နိုင်ငံတကာ အရေးယူဆောင်ရွက်မှု အားနည်းခြင်းသည် မိမိနှင့် မိမိနိုင်ငံကို ကာကွယ်ဖို့ မြန်မာပြည်သူများ လက်နက်ကိုင်ရန် ဆုံးဖြတ်ရခြင်း၏ အဓိက အကြောင်းအရင်းဖြစ်လေသည်။ အာဏာသိမ်းအုပ်စုသည် တိုင်းရင်းသားပြည်နယ်ရှိ ကာလကြာစစ်ပွဲများကို အရှိန်တိုးမြှင့်ခဲ့ပြီး နိုင်ငံ့စီးပွားရေးကို ထိုးဆင်းစေခဲ့သည်။ ပိုမိုကောင်းမွန်ခိုင်မာသော နိုင်ငံတကာအရေးယူမှုကို ချက်ချင်းမပြုလုပ်ခဲ့လျှင် မြန်မာသည် နှစ်ရှည်လများစွာ စစ်တပ်၏တိုက်ရိုက် အုပ်ချုပ်မှု၊ ရှည်လျားကြန့်ကြာသည့် လက်နက်ကိုင် ပဋိပက္ခနှင့် ထပ်လောင်း အရေးယူခြင်းမခံရဘဲ ကျူးလွန်သော အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများ စသောအန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ပါသည်။

တိုက်ခိုက်မှုအဆုံးသတ်ရန်နှင့် ဆိုးဝါးလာသည့် အခြေအနေကို တားဆီးရန် UN လုံခြုံရေးကောင်စီသည် အာဏာသိမ်းအုပ်စု၏ လေယာဉ်ဆီ၊ ဝင်ငွေနှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိနေမှုကို ပိတ်ပင်သည့် ပစ်မှတ်ထားပိတ်ဆို့မှုများနှင့် မြန်မာနိုင်ငံအပေါ် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်ကို ချမှတ်သည့် ဖြေရှင်းဆုံးဖြတ်ချက် တစ်ရပ်ကို ချက်ချင်း ချမှတ်ကာ စုံစမ်းစစ်ဆေးပြီး စွဲချက်တင်နိုင်ရန် ဤအရေးကို နိုင်ငံတကာရာဇဝတ်တရားရုံး (ICC)သို့ လွှဲပြောင်းပေးသင့်ပါသည်။ အကယ်၍ ဤဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုက ဗီတိုအာဏာသုံး ပယ်ချခဲ့ပါက အဖွဲ့ဝင်နိုင်ငံများသည် ယူကရိန်းအပေါ် မတရားကျူးကျော်မှုနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အား ရုရှားမှ ဗီတိုသုံးပယ်ရှားခြင်းကို တုန့်ပြန်သည့် အနေဖြင့် ၂၀၂၂ ဖေဖော်ဝါရီ ၂၈ တွင် ကျင်းပပြုလုပ်ခဲ့သကဲ့သို့ UN အထွေထွေညီလာခံတွင် အရေးပေါ် အထူးအစည်းအဝေးတစ်ရပ်ကို ကျင်းပရန် ကြိုးပမ်းသင့်ပေသည်။ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာမှုများကို အဆုံးသတ်ရန် ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ၎င်းကဲ့သို့ အစည်းအဝေးတစ်ရပ်ကို စီစဉ်သင့်ပါသည်။

UN အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် အာဆီယံသည် ရွေးကောက်ခံလွှတ်တော်အမတ်များနှင့် တခြားပုဂ္ဂိုလ်များဖြင့် ၂၀၂၁ ဧပြီလတွင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး မြန်မာ့အာဏာသိမ်းအုပ်စုကို မည်သည့်နိုင်ငံရေး တရားဝင်မှုမျိုးမှ မပေးမိစေရန် ရှောင်ကြဉ်သင့်သည်။ အစိုးရအားလုံးသည် NUG မှ ကိုယ်စားပြုသည့် မြန်မာနိုင်ငံ၏ တရားဝင်ရွေးကောက်ခံခေါင်းဆောင်အားလုံးကို အသိအမှတ်ပြုသင့်သည်။ UN လုံခြုံရေးကောင်စီမှ ချမှတ်သည့် စီးပွားရေးပိတ်ဆို့မှုများမရှိသော်လည်း အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဏာသိမ်းအုပ်စု၏ ဝင်ငွေအရင်းအမြစ်ကို ပစ်မှတ်ထားရန် ပူးပေါင်းဆောင်ရွက်သင့်ပေသည်။ ပုဂ္ဂလိက လုပ်ငန်းများသည် မြန်မာ့စစ်တပ်နှင့် ၎င်းနှင့် ပတ်သက်သည့်အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းကို ရှောင်ကြဉ်သင့်သည်။ ထိုသို့ရှောင်ကြဉ်ကြရာတွင်လည်း အာဏာသိမ်းအုပ်စုအား ငွေဝင်ပေါက်ကို မပေးမိအောင် တာဝန်ရှိရှိ ရှောင်ကြဉ်သင့်ပါသည်။

နောက်ဆုံးအနေဖြင့် မြန်မာစစ်တပ်သည် နိုင်ငံရေးအကျဉ်းသားအားလုံးကို ကွင်းလုံးကျွတ် ချက်ချင်း လွှတ်ပေးပြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သူ့၏ အာဏာသိမ်းအုပ်စုသည် ချက်ချင်း နောက်ဆုတ်၍ အစုလိုက်အပြုံလိုက် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှု သေချာစေရန် နိုင်ငံတကာ တရားရေးယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

# နည်းလမ်း (Methodology)

ဤအစီအရင်ခံစာသည် မည်သည့်တိုင်းနှင့် ပြည်နယ်မှာမှ မပါဝင်သည့် နေပြည်တော်နယ်မြေ အပါအဝင် မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ် ၁၁ ခုတွင်တည်ရှိသော မြို့နယ် ၂၉ ခုရှိ ၂၀၂၁ ဖေဖော်ဝါရီလမှ ဒီဇင်ဘာအတွင်း ဆောင်ရွက်ခဲ့သော အင်တာဗျူးပေါင်း ၁၂၈ ခုကို အခြေခံထားပါသည်။ ထိုင်းနိုင်ငံရှိ မြန်မာပြည်မှ ဒုက္ခသည် ၆ ဦးနှင့်လည်း ထပ်လောင်း အင်တာဗျူးများပြုလုပ်ခဲ့ပါသည်။ ဤအစီအရင်ခံစာသည် အသက်ဘေးမှလွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများ၊ မြန်မာ့ဆေးဝါးကျွမ်းကျင်သူများ၊ စစ်ပြေးနှင့်ရဲပြေးများ၊ သတင်းထောက်များနှင့် ရှေ့တန်းမှ ဆန္ဒပြခဲ့ကြသူများ၏ ထွက်ဆိုချက်များကို အဓိက အခြေခံထားပါသည်။ အစီရင်ခံစာသည် Fortify Rights နှင့် the Schell Center မှ ရရှိခဲ့သော မြန်မာစစ်တပ်၏ ရုံးတွင်းအချက်အလက်များကိုလည်း အခြေခံထားပါသည်။ ဤအစီအရင်ခံစာကို ပြင်ဆင်ရာတွင် Fortify Rights နှင့် the Schell Center တို့သည် စစ်မှုထမ်း(ဆဲ)ပုဂ္ဂိုလ် ၆ ဦးနှင့်လည်း ဆက်သွယ်စကားပြောခဲ့ပါသည်။ ၎င်းတို့တွင် တပ်ရင်းတစ်ခုကို ကွပ်ကဲရသည့် ဒုတိယဗိုလ်မှူးကြီး ၁ ဦး၊ ဗိုလ်ကြီး ၃ ဦးနှင့် ဗိုလ်မှူး ၂ တို့ပါဝင်ပါသည်။ ဤဆက်သွယ်စကားပြောဆိုမှုသည် နိုင်ငံအနှံ့ စစ်စခန်းများ၏ တည်နေရာများကို ဖော်ထုတ်နိုင်အောင် ကူညီပေးခဲ့သည်။

သုတေသနနှင့် အစီအရင်ခံစာရေးသားရေးအဖွဲ့သည် အင်္ဂလိပ်-မြန်မာ ဘာသာပြန်မှုများအပါအဝင် မြန်မာဘာသာစကားဖြင့် အရည်အသွေးကိုအခြေခံသည့် အင်တာဗျူးများကို ဆောင်ရွက်ခဲ့ပါသည်။ ဤအစီအရင်ခံစာအတွက် အင်တာဗျူးဖြေကြားခဲ့သူအားလုံးသည် အင်တာဗျူးနှင့် အများပြည်သူသိ ထုတ်ပြန်မည့် ထွက်ဆိုချက်များအတွက် ကြိုတင်သဘောတူညီချက်ကို လွတ်လပ်စွာ ပေးခဲ့ကြပါသည်။ ဤ အစီအရင်ခံစာအတွက် အင်တာဗျူးဖြေဆိုသူ မည်သူတစ်ဦးတစ်ယောက်မှ အခကြေးငွေ ရယူခဲ့ခြင်းမရှိပါ။ ဖြေဆိုသူအားလုံးအား အင်တာဗျူးရည်ရွယ်ချက်၊ စိတ်လိုလက်ရဆောင်ရွက်မှုနှင့် မျှဝေခဲ့သည့် သတင်းအချက်အလက်များအား မည်သို့မည်ပုံ အသုံးပြုမည်ဖြစ်ကြောင်းကို အကြောင်းကြားခဲ့ပါသည်။ တချို့က ၎င်းတို့၏ ထွက်ဆိုချက်များကို မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM)၊ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ်ရုံး တို့အားမျှဝေရန်ကိုလည်း သဘောတူခဲ့ကြပါသည်။ အသက်ဘေးမှ လွတ်မြောက်လာသူများနှင့် မျက်မြင်သက်သေများ၏ အမည်များ၊ အင်တာဗျူးပြုလုပ်သည့် နေရာများနှင့် အခြား ကိုယ်ရေးအချက်အလက်အသေးစိတ်များကို လုံခြုံရေးအရ ဤအစီအရင်ခံစာမှ ထိမ်ချန်ထားပါသည်။ မဖြစ်မနေသတ်မှတ်ဖော်ပြရလျှင်လည်း မျက်မြင်သက်သေ (သို့) အသက်ဘေးလွတ်မြောက်လာသူများ၏ အမည်လွှဲကိုသာ ဤအစီအရင်ခံစာတွင် အသုံးပြုပါသည်။

Fortify Rights သည် ၂၀၂၁ မတ်လမှ မေလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အဖြစ်အပျက်ပေါင်း ၁၁၅၃ ခုနှင့် ပတ်သက်သော လူတိုင်းရယူနိုင်သည့် အချက်အလက် မီဒီယာ (Open Source Information Media) မှ အချက်အလက်များကို စုဆောင်းခဲ့ပြီး “ဖမ်းဆီးခြင်း/ထိန်းသိမ်းခြင်း”, “ရိုက်နှက်ခြင်း/အနာတရ”, “သတ်ဖြတ်ခြင်း/လူသေအလောင်း”အပါအဝင် အိုးအိမ်ပစ္စည်းနှင့် ဘာသာရေးအဆောက်အဦးများကို ဖျက်စီးခြင်းကဲ့သို့ အဖြစ်အပျက်များကိုလည်း အခန်းကဏ္ဍအလိုက် စနစ်တကျ စီစဉ်ထားရှိပါသည်။ အဆိုပါသတင်းချက်အလက်များကို သတင်းထောက်များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပါအဝင် သီးခြားလူပုဂ္ဂိုလ်များက ၂၀၂၁ မတ်လမှ မေလအတွင်း Twitter၊ Facebook နှင့် သတင်း Website များတွင် တင်ခဲ့ကြခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင် Fortify Rights သည် သက်သေအထောက်အထားအားဖြင့် တန်ဖိုးရှိနိုင်သည့် ဒေတာများကိုခွဲထုတ်ခဲ့ပြီး မသက်ဆိုင်သော ဒေတာနှင့် မလိုအပ်သည့် ဒေတာများမပါအောင် စစ်ဆေးခဲ့ပါသည်။ သက်သေအထောက်အထားအားဖြင့် တန်ဖိုးရှိနိုင်သည့်ဟု ဆုံးဖြတ်ထားသော အချက်အလက်များတွင် လူသတ်မှု (သို့) ရုပ်အလောင်းပေါင်း ၃၀၅ ခု၊ သီးခြားတစ်ဦးချင်း (သို့) အုပ်စုလိုက်ကို ဖမ်းဆီးမှု (သို့) ထိန်းသိမ်းမှုပေါင်း ၅၀၅ ခု၊ ရိုက်နှက်မှု (သို့) ဒဏ်ရာရစေမှုပေါင်း ၂၃၁ ခုနှင့် အခြားဆက်စပ်အကြမ်းဖက်မှုပေါင်း ၁၁၂ တို့ပါဝင်ပါသည်။



အာဏာသိမ်းစစ်အုပ်စုမှနေပြီး
ပြည်သူများအပေါ် နှိမ်နင်းဖြိုခွင်းမှုများ
အသက်သေစေနိုင်လောက်သည်အထိ
မဆိုးဝါးလာခင် ရက်ပိုင်းအလိုတွင်
ရန်ကုန်မြို့၏ လမ်းတစ်နေရာ
ညအချိန်မတော်တွင် မြန်မာ
စစ်အုပ်စု၏ တင့်ကားတစ်စီး
ဖြတ်သွားသည်ကို မြို့ခံပြည်သူများမှ
ကြည့်နေစဉ်။ ©SAI ဖေဖော်ဝါရီလ
၁၄ ရက်၊ ၂၀၂၁။




ရန်ကုန်၊ စမ်းချောင်းမြို့နယ်အတွင်းရှိ ဆန္ဒပြပွဲ
တစ်ခုအတွင်း ရဲတပ်သားအတန်းရှေ့တွင်
အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြသူ
တစ်ဦးမှ နေပြီး ထီးထီးရပ်ကာ လက်သုံးချောင်း
သင်္ကေတကို ထုတ်ဖော်ပြနေသည်ကို တွေ့ရသည်။
ထို့နောက် သိပ်မကြာခင် ရဲတပ်သားများမှနေပြီး
အနီးအနားရှိ ဆန္ဒပြသူများအား
ရက်ရက်စက်စက် တိုက်ခိုက်ခဲ့ကြသည်။
©ရန်နိုင်အောင်၊ ဖေဖော်ဝါရီ ၂၆၊ ၂၀၂၁။



ရန်ကုန်၊ စမ်းချောင်းမြို့နယ်တွင် ကျယ်လောင်စွာ အသံထွက်ပြီး မီးခိုးငွေ့များထွက်စေသော လက်ပစ်ဗုံးများကိုသုံးပြီး အာဏာသိမ်းမှုကို ဆန့်ကျင်နေကြသော ဆန္ဒပြသူများကို တိုက်ခိုက်ရန် ချဉ်းနင်းဝင်ရောက်လာစဉ်။ ©ငြိမ်းစုဝေကျော်စိုး၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ၂၀၂၁။



ရန်ကုန်မြို့တစ်နေရာတွင် အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြည်သူများမှ ဆောက်ထားသော ယာယီသုံး အတားအဆီးတစ်ခုမှ နေပြီး မီးခိုးငွေ့များ ထွက်နေသည်ကို တွေ့ရစဉ်။ ဆန္ဒပြသူများထဲမှ တစ်ယောက်က မီးသတ်ဘူးတစ်ခုကို သုံးပြီး မီးတောက်ကို ငြိမ်းသတ်ရန်ကြိုးစားနေသည်ကိုလည်း တွေ့ရသည်။ ©SA၊ မတ်လ ၁၆ ရက်၊ ၂၀၂၁။



ရန်ကုန် လှိုင်မြို့နယ်ရှိ အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြပွဲတစ်ခုတွင် လက်နက်မပါသော ဆန္ဒပြသူများမှ မြန်မာစစ်အာဏာသိမ်း အင်အားစုများ၏ ပစ်ခတ်မှုများမှ သူတို့ကို သူတို့ ကာကွယ်နေကြစဉ်။ ထိုနေ့က ရက်စက်ကြမ်းကြုတ်သော နှိမ်နင်းမှုတစ်ခုအတွင်း တွင် မြန်မာလုံခြုံရေးစစ်အင်အားစုများသည် အနည်းဆုံး လူ ၆၅ ယောက်ကို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ©ငြိမ်းစုဝေကျော်စိုး၊ မတ်လ ၁၄ ရက်၊ ၂၀၂၁။




မန္တလေးတိုင်းဒေသကြီးရှိ အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြမှုဖြစ်စဉ်တစ်ခုအတွင်းတွင် စစ်အာဏာသိမ်း အင်အားစုများကို ရင်ဆိုင်ရန်အတွက် အမာစား ခေါင်းဆောင်းများကို ဝတ်ဆင်ပြီး ဒိုင်းများဖြင့် ကာကွယ်တပ်ဆင်ထားသည့် ရှေ့တန်းရှိ ဆန္ဒပြသူများကို တွေ့ရစဉ်။ ©ဘိုဘို၊ မတ်လ ၅ ရက်၊ ၂၀၂၁။


GOOD
DEVIL
DOOSAN



ရန်ကုန်မြို့တွင် ဆန္ဒပြသူများမှနေပြီး
အာဏာသိမ်းမှုကိုဆန့်ကျင်သော သပိတ်ပွဲ
တစ်ခုအတွင်းတွင် လက်သုံးချောင်သင်္ကေတ
များကို ထုတ်ဖော်ပြသနေကြသည်။
©SAI ဖေဖော်ဝါရီလ ၂၁ ရက်၊ ၂၀၂၁။



အမျိုးသမီးများ၏ အတွင်းခံအဝတ်အစားများအောက်တွင် ဖြတ်လျှောက်မိပါက ကံနိမ့်တက်သည်ဟု အယူသီးမှုများအပေါ်မူတည်ပြီး ရန်ကုန် လှိုင်မြို့နယ်အတွင်းရှိ ဆန္ဒပြသူများက လုံခြုံရေးစစ်အင်အားစုများ သူတို့နေရာအတွင်းသို့ မဝင်လာစေရန် ရည်ရွယ်ပြီး အမျိုးသမီးလုံချည် ( ရိုးရာအထည်တစ်မျိုး ) များကို လမ်းတစ်ခုအပေါ်တွင် လှမ်းထားသည်ကို တွေ့မြင်ရစဉ်။ ©ငြိမ်းစုဝေကျော်စိုး၊ မတ်လ ၅ ရက်၊ ၂၀၂၁။




ရန်ကုန် တက္ကသိုလ်မှ ဝန်ထမ်းများသည် Civil Disobedience Movement ၏ အစောပိုင်း သင်္ကေတဖြစ်သော အနီရောင်ဖဲကြိုးများကို ဖော်ပြထားသော ဆိုင်းသင်္ကေတများ ကိုင်ဆောင်ထားကြသည်။ အမျိုးသမီး ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများသည် အာဏာသိမ်းစစ်အုပ်စု၏ အုပ်ချုပ်မှုအောက်တွင် အလုပ်လုပ်ကိုင်ဖို့ရန် ငြင်းဆန်သည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လူထုလှုပ်ရှားမှုကြီးကို အစောဆုံး ပါဝင်ဦးဆောင်ခဲ့ကြသူများထဲတွင် ပါဝင်သည်။ ©အောင်နိုင်စိုး၊ ဖေဖော်ဝါရီ ၅ ရက်၊ ၂၀၂၁။



အာဏာသိမ်းမှုနောက်ပိုင်းတွင် ရန်ကုန်၊ စမ်းချောင်းမြို့နယ်ရှိ ရပ်ကွက်နေပြည်သူများမှ ညသပိတ်များအတွင်း ဒယ်အိုး ပေါင်းအိုးများကို ထုရိုက်တီးနေကြစဉ်။ ©ငြိမ်းစုဝေကျော်စိုး၊ မတ်လ ၂ ရက်၊ ၂၀၂၁။




ရန်ကုန်၊ စမ်းချောင်းမြို့နယ်တွင် ရပ်ကွက်နေပြည်သူများမှ သူတို့၏ ရပ်ကွက်လုံခြုံရေးအတွက် ညဆို ကင်းစောင့်ကြရသည်။ အာဏာသိမ်းမှုအပြီး ရန်ကုန်မြို့နေ ပြည်သူများမှာ သူတို့၏ နေရာ ရပ်ကွက်များအတွင်း အကြမ်းဖက်စစ်ကောင်စီ လုံခြုံရေးစစ်အင်အားစုများ ဝင်ရောက်လာခြင်းမှ ကာကွယ်ရန်နှင့် ရဲနှင့်စစ်သားများမှ ဖမ်းစီးရှာဖွေရေးလုပ်ငန်းစဉ်များနှင့် ပက်သက်ပြီး တစ်ယောက်ကို တစ်ယောက် အကြောင်းကြားနိုင်ရန်အတွက် ညလုံခြုံရေး ကင်းစောင့်အဖွဲ့များကို ဖွဲ့စည်းလာကြသည်။ ©ငြိမ်းစုဝေကျော်စိုး၊ ဖေဖော်ဝါရီ ၁၃ ရက်၊ ၂၀၂၁။

# နောက်ခံသမိုင်း (Background)

ယခင်က “ပြည်ထောင်စု ဗမာနိုင်ငံ”ဟုသိခဲ့ကြသော မြန်မာနိုင်ငံသည် ၁၉၄၈ တွင် ဗြိတိသျှ ကိုလိုနီအုပ်ချုပ်ရေးမှ လွတ်လပ်ရေးရရှိပြီးနောက် ပါလီမန်ဒီမိုကရေစီကို ၁၀ စုနှစ်တစ်ခုစာ ခံစားခဲ့ကြရပါသည်။ ထိုအခြေအနေသည် ဝန်ကြီးချုပ်ဦးနုမှ နိုင်ငံ့အခြေအနေတည်ငြိမ်လျှင် ပြည်သူ့အုပ်ချုပ်အုပ်ရေး ပြန်ရမည်ဟူသောမျှော်လင့်ချက်ဖြင့် လက်နက်ကိုင်စစ်တပ်ဖွဲ့များအား ယာယီအိမ်စောင့်အစိုးရ ဖွဲ့စည်းရန်ဖိတ်ကြားလိုက်ချိန် ၁၉၅၈ မှစ၍ ပြောင်းလဲသွားခဲ့ရပါသည်။ တပ်မတော်ကို ဦးစီးခဲ့သည့် ဗိုလ်ချုပ်နေဝင်းသည် ၁၉၆၂ ခုနှစ် အာဏာသိမ်းမှု အောင်မြင်ခဲ့ချိန် အဆိုပါသဘောတူညီချက်ကို ချိုးဖောက်လိုက်လေသည်။[1] နေဝင်းသည် အခြေအနေ နှစ်ရပ်အပေါ်မူတည်၍ ပြည်ထောင်စုဗမာနိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မြဲမှုကို ကာကွယ်ရန် လိုအပ်သည်ဟု အခိုင်အမာဆိုသည် - ပထမတစ်ရပ်မှာ နိုင်ငံ့ဗဟိုချက်မဒေသတွင် ဆိုးဝါးလာသည့် လူမှုစီးပွားဆိုင်ရာ ဖရိုဖရဲအခြေအနေနှင့် ဒုတိယမှာ နိုင်ငံနယ်နမိတ်အတွင်း တည်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်တချို့၏ အင်အားနှင့် အရေအတွက် ကြီးထွားလာမှုတို့ဖြစ်သည်။[2] အာဏာသိမ်းအစိုးရသည် ၁၉၇၄ အထိ စစ်ဥပဒေကိုချမှတ်ထားခဲ့သော်လည်း ၎င်း၏အုပ်ချုပ်ရေးကို အလျင်အမြန်တောင့်တင်းခိုင်မာအောင် လုပ်နိုင်ခဲ့သည်။[3]

၎င်းကာလအတွင်း စစ်တပ်သည် နိုင်ငံ့စီပွားရေးနှင့် အစိုးရယန္တရားများတွင် ခိုင်မာစွာအမြစ်တွယ် နေရာယူခဲ့ပြီး ယနေ့ထိ စစ်မှန်သော ဒီမိုကရေစီပေါ်ထွန်းရေး၏ အဟန့်အတားများအဖြစ်ကျန်ရှိနေသည့် ပူးတွဲပြဿနာ နှစ်ရပ်ပင်ဖြစ်လေသည်။[4] အစိုးရနှင့် တိုင်းရင်းသားများကြား မည်သည့် အစိုးရပုံစံ - ဗမာတိုင်းရင်းသားစိုးမိုးသည့် ဗဟိုအဓိက ချုပ်ကိုင်သောအစိုးရ (သို့) ဒေသအာဏာပိုင်မှ လူနည်းစုအထိ (အခွင့်အာဏာ)အပ်နှင်းထားသော ဖယ်ဒရယ်အစိုးရ - ကိုထားရှိသင့်သည်ဆိုသည့် အပေါ် ခါးသီးပြင်းထန်သည့် အငြင်းပွားမှုများမှာ အကျိုးဆက်အဖြစ် ကျန်ရှိခဲ့ပေသည်။[5] ဤအခြေခံအကြောင်းအရင်းသည် စစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်များကြား ဖြစ်ပွားဆဲ အကြမ်းဖက်တိုက်ပွဲများ၏ အဓိကအချက်ဖြစ်ပြီး ယနေ့တိုင် မဖြေရှင်းနိုင်သေးသည့် ပြဿနာဖြစ်သည်။[6]

၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြဋ္ဌာန်းလိုက်ခြင်းက မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ)ဟု သိကြသော ရွေးကောက်ခံတစ်ပါတီအစိုးကို အာဏာလွှဲပြောင်းပေးခဲ့ရသည်။ အဆိုပါအစိုးရအဖွဲ့တွင် အရပ်သားအဖွဲ့ဝင်များကို ပါဝင်စေခဲ့သော်လည်း မဆလသည် စစ်တပ်၏ထိန်းချုပ်မှုအောက်တွင်သာ အခိုင်အမာရှိနေခဲ့သည်။[7]၁၉၈၀ နှစ်များနောက်ပိုင်းတွင် မြန်မာနည်းမြန်မာဟန် ဆိုရှယ်လစ်စနစ် ဟုခေါ်သော မဆလ၏ စီးပွားရေးမူဝါဒများသည် နိုင်ငံကို ချွတ်ခြုံကျမွဲတေစေခဲ့ပြီး ၎င်းသည် အယူအဆကွဲလွဲသူများ၏ဒေါသကို မီးလောင်ရာလေပင့်သလိုဖြစ်စေကာ ၁၉၈၈ ဩဂုတ်လ ၈ ရက်နေ့နှင့် အဓိကဆက်စပ်၍ ပြည်လုံးကျွတ်အုံကြွမှုအထိ ဖြစ်ပေါ်စေခဲ့သည်။ ဩဂုတ် ၈ ရက် ရန်ကုန်ကျောင်းသားများမှ စတင်ခဲ့သည့် ဆန္ဒပြပွဲများသည် နိုင်ငံအနှံ့ချက်ချင်း ပြန့်နှံ့သွားခဲ့သည်။[8] ဆန္ဒပြပွဲများ၏ အရွယ်အစား

1 Konsam Shakila Devi, Myanmar Under Military Rule 1962-1988, 3 International Research Journal of Social Sciences 45, 46-50 (2014).

2 Richard Butwell, Ne Win’s Burma: At the End of the First Decade, 12 Asian Survey 901, 901-12 (1972)

3 Emily Ray & Tyler Giannini, Beyond the Coup in Myanmar: Echoes of the Past, Crises of the Moment, Visions of the Future, Just Security (Apr. 26, 2021), https://www.justsecurity.org/75826/beyond-the-coup-in-myanmar-echoes-of-the-past-crises-of-the-moment-visions-of-the-future/.

4 Yoshihiro Nakanishi, Strong Soldiers, Failed Revolution and Military in Burma, 1962-1988 142-68 (2013).

5 Matthew Walton, Ethnicity, Conflict, and History in Burma: The Myths of Panglong, 48 Asian Survey 889, 889-910 (2008).

6 Nehginpao Kipgen, The Quest for Federalism in Myanmar, 42 Strategic Analysis 612, 612-26 (2018).

7 David Steinberg, Burma Under the Military: Towards a Chronology, 3 Contemporary Southeast Asia 244, 244-48 (1981).

8 Philippa Fogarty, Was Burma’s 1988 Uprising Worth It?, BBC (Aug. 6, 2008), http://news.bbc.co.uk/2/hi/asia-pacific/7543347.stm.

မှာ ကြီးထွားလာခဲ့ပြီး “၈၈၈၈ အရေးအခင်း” အဖြစ်လူသိများလာကာ ထောက်ခံမှုများစွာကို ရရှိခဲ့ပါသည်။ ထို့ကြောင့် ၎င်းသည် ဗိုနေမြဲကျားနေမြဲ ဒုံရင်း နိုင်ငံရေးအခြေအနေအတွက် ပထမဆုံးသော စစ်မှန်သည့် စိန်ခေါ်မှုတစ်ရပ်ကို ဖြစ်ပေါ်စေခဲ့ခြင်းပင် ဖြစ်ပါသည်။[9]

၎င်းကို လက်နက်ကိုင်တပ်ဖွဲ့များမှ သေလောက်သည့် အကြမ်းဖက်မှုဖြင့်တုန့်ပြန်ခဲ့ပြီး ရက်အနည်းငယ်အတွင်း လက်နက်မဲ့ ဆန္ဒပြပြည်သူ ထောင်ပေါင်းများစွာခန့်ကို သေဆုံးစေခဲ့သည်။[10] စစ်တပ်သည် အဆိုပါအုံကြွမှုကို တုံ့ပြန်ဖြေရှင်းသည့် အနေဖြင့် စက်တင်ဘာလလယ်တွင် နောက်ထပ်အာဏာသိမ်းမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပြီး ယင်းကာလအတွင်း ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းကာ နောက်နှစ်တွင် ရွေးကောက်ပွဲပြုလုပ်ပေးမည်ဟု ကြေညာခဲ့သည်။[11]

ကတိပေးခဲ့သော ၁၉၉၀ ရွေးကောက်ပွဲများသည် ဆယ်စုနှစ်ချီအာဏာကိုကိုင်စွဲထားခဲ့ကြသည့် စစ်အာဏာသိမ်းအစိုးရအဖို့ ပြင်းထန်သည့်စိန်ခေါ်မှုကိုသာ ဆောင်ကျဉ်းခဲ့သည်။ စစ်တပ်သည် ၁၉၉၀ ရွေးကောက်ပွဲများက ၎င်းတို့၏ ဆက်လက်အုပ်ချုပ်မှုကို တရားဝင်စေလိမ့်မည်ဟု မှားယွင်းစွာ ယုံကြည်ခဲ့သော်လည်း NLD သည်သာ ထိုင်ခုံ ၄၉၂ နေရာအနက် ၃၉၂ ခုံကို ရရှိခဲ့ပြီး အပြတ်အသတ်အနိုင်ရခဲ့သည်။[12] အာဏာသိမ်းအစိုးရသည် (မဲ)ရလဒ်ကို အသိအမှတ်ပြုရန်ငြင်းဆန်ခဲ့ပြီး ယင်းအချိန်က ဒီမိုကရေစီလိုလားသူခေါင်းဆောင် အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ချကာ သူမကိုလွှတ်ပေးသည့် ၁၉၉၅ အထိ ချုပ်ထားသည်။[13] နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)ဟုခေါ်သော အာဏာသိမ်းအစိုးရသစ်သည် ၁၉၉၇ အထိ အာဏာရှိနေခဲ့သည်။[14]

၁၉၉၇ ခုတွင် စစ်တပ်ခေါင်းဆောင်ပိုင်းအတွင်း အဖွဲ့ဂိုဏ်းဂဏကွဲပြားမှုသည် နဝတ ကိုဖျက်သိမ်းစေခဲ့သည်။ အာဏာသိမ်းအစိုးရသစ်ဖြစ်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) သည် ၎င်း၏ အုပ်ချုပ်မှုကို ဆန့်ကျင်သူအားလုံးအား နှိမ်နင်းရန် နည်းလမ်းပေါင်းစုံကို လိုအပ်သလို အသုံးပြုခဲ့သော်လည်း အရာမထင်ခဲ့ပေ။ မပြတ်မသားရေးသားထားပြီး ဆိုးဝါးပြင်းထန်သည့် ကိုလိုနီခေတ် ဥပဒေများသည် နအဖ အစိုးရအား ပြည်တွင်းမှ ဝေဖန်သူအားလုံးနီးပါးကို နှုတ်ဆိတ်ရန်နှင့် မြန်မာနိုင်ငံ၏ “ဗဟိုချက်မဒေသ”တွင် ဒီမိုကရေစီလိုလားသည့် တက်ကြွလှုပ်ရှားသူများကို တစုတရုံးတည်းမဖြစ်အောင် တားမြစ်ရန် များစွာ အထောက်အကူပြုခဲ့သည်။[15]

၂၀၀၃ ခုနှစ်တွင် ဝန်ကြီးချုပ်ခင်ညွန့်သည် အဆင့် ၇ ဆင့်ပါ ဒီမိုကရေစီလမ်းပြမြေပုံကို ကြေညာခဲ့သည်။ သို့သော် အချိန်ကာလ သတ်မှတ်ခဲ့ခြင်းမရှိခဲ့ပေ။ လေးနှစ်အကြာ ၂၀၀၇ ဩဂုတ်နှင့် အောက်တိုဘာလတွင် စစ်တပ်သည် ၁၉၈၈ လူသိများသည့် အုံကြွမှုဖြစ်ပြီးနောက်ပိုင်း “ရွှေဝါရောင်တော်လှန်ရေး” အမည်ရှိ အရေးပါအထင်ရှားဆုံးသော စိန်ခေါ်မှုတစ်ရပ်ကို ရင်ဆိုင်ခဲ့ရသည်။ အမတော်ကြေးများကို ဖျက်သိမ်းလိုက်သည့်နှင့် တပြိုင်နက် တရှိန်ထိုးမြင့်တက်ခဲ့သော လောင်စာဆီဈေးနှုန်းများကြောင့် အများပြည်သူဒေါသထွက်ရာမှ စတင်ဖြစ်ပွားစေခဲ့သော ၂၀၀၇ တော်လှန်ရေးသည် ကြီးမားသည့် မြို့ပြဆန္ဒပြမှုများအဖြစ် အလျင်အမြန်ကြီးထွားလာခဲ့သည်။[16] ဆန္ဒပြပွဲများတွင် မြန်မာနိုင်ငံအနှံ့ ဗုဒ္ဓဘာသာရဟန်းများသည် ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်ခဲ့ခြင်းကြောင့် သင်္ကန်း၏အရောင်ဖြစ်သော ရွှေဝါရောင်ကို ရည်ညွှန်းကြခြင်းဖြစ်ပါသည်။[17] တရားဝင်အရင်းအမြစ်များအရ လူအသေအပျောက်စာရင်းမှာ ခန့်မှန်းခြေ ၁၃ ဦးရှိသည်ဟုဆိုသည်။ သို့သော် ယင်းကာလ UN အထူးကိုယ်စားလှယ်၏ အလိုအရ အခြားအရင်းများက ရဟန်းသင်္ဃာ ၃၀-၄၀ ခန့်နှင့် အရပ်သား ၅၀ - ၆၀ ခန့်ရှိခဲ့သည်ဟု ခန့်မှန်းကြောင်း ဆိုသည်။[18] မြန်မာပြည်တွင်း တက်ကြွလှုပ်ရှားသူများမှ ဆန္ဒပြဓာတ်ပုံအများစုကို ဖွံ့ဖြိုးစလူမှုကွန်ယက်

9 Id. See also Christina Fink, Living Silence in Burma: Surviving under Military Rule 51-54 (2d ed. 2009).

10 Renaud Egreteau, The Repression of the August 8-12, 1988 (8-8-88) Uprising in Burma/Myanmar, Mass Violence & Resistance Research Network, Feb. 25, 2009, https://www.sciencespo.fr/mass-violence-war-massacre-resistance/en/document/repression-august-8-12-1988-8-8-88-uprising-burmamyanmar.html.

11 Chronology of Burma's Constitutional Process, Human Rights Watch, https://www.hrw.org/reports/2008/burma0508/burma0508chronology.pdf.

12 James F. Guyot, Myanmar in 1990: The Unconsummated Election, 31 Asian Survey 205, 205-11 (1991).

13 Burma: Chronology of Aung San Suu Kyi's Detention, Human Rights Watch (Nov. 13, 2010), https://www.hrw.org/news/2010/11/13/burma-chronology-aung-san-suu-kyis-detention#.

14 Maung Aung Myoe, A Historical Overview of Political Transition in Myanmar since 1988 (Asia Research Institute of the National University of Singapore, ARI Working Paper No. 95, Aug. 2007), https://ari.nus.edu.sg/wp-content/uploads/2018/10/wps07_095.pdf.

15 Christina Fink, Living Silence in Burma: Surviving under Military Rule 51-54 (2d ed. 2009).

16 Christina Fink, The Moment of the Monks: Burma, 2007, in Civil Resistance and Power Politics: The Experience of Non-violent Action from Gandhi to the Present (Adam Roberts & Timothy Garton eds., 2009).

17 Mikael Gravers, Monks, Morality, and Military: The Struggle for Moral Power in Burma—and Buddhism's Uneasy Relation with Lay Power, Contemporary Buddhism 1, 1-33 (2012).

18 Myanmar: U.N. Rights Expert to Probe Allegations of Abuses during Crackdown, U.N. News (Oct. 24, 2007), https://news.un.org/en/story/2007/10/237072-myanmar-un-rights-expert-probe-allegations-abuses-during-crackdown.https://news.un.org/en/story/2007/10/237072-myanmar-un-rights-expert-probe-allegations-abuses-during-crackdown.

များမှုတဆင့် ပေးပို့၍ နိုင်ငံတကာ သတင်းများတွင် ရေးသားဖော်ပြကြသော်လည်း နအဖ အုပ်ချုပ်ရေးအပေါ် ခြိမ်းခြောက်မှု ပြင်းပြင်းထန်ထန်မရှိခဲ့သလို စစ်တပ်အဝန်းအဝိုင်းအတွင်း အာဏာထိန်းချုပ်မှုမှာ ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲအထိ မပြောင်းလဲဘဲရှိနေခဲ့သည်။[19]

၂၀၁၀ ရွေးကောက်ပွဲများကို ယခင်ဗိုလ်ချုပ်မှူးကြီး သန်းရွှေလက်ထက် ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အောက်တွင် ကျင်းပခဲ့ကြသည်။ ၎င်း ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲသည် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးပြီး နောက် နိုင်ငံတကာဝေဖန်မှုကို အာရုံလွှဲရန်နှင့် စစ်တပ်အတွက်နိုင်ငံရေးတွင် အမြဲတမ်းနေရာတစ်ခုကို အခိုင်အမာ တည်ဆောက်ရန် ကြိုးပမ်းမှုအဖြစ် များစွာဝေဖန်ခြင်း ခံခဲ့ရသည်။ အောင်ဆန်းစုကြည်၏ NLD ပါတီသည် လှည့်စားမှုတစ်ခုအဖြစ် ဝေဖန်ရှုံ့ချကြသည့် ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြပြီး စစ်တပ်ကျောထောက်နောက်ခံ ကြံ့ဖွံ့ (USDP) မှ ရွေးကောက်ခံထိုင်ခုံနေရာ၏ ၇၆ ရာနှုန်းကို အနိုင်ရရှိခဲ့သည်။

၂၀၁၀ ရွေးကောက်ပွဲ့ပြီးနောက် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နအဖအစိုးရကို ဖျက်သိမ်းပြီး အရပ်သား-စစ်တပ် နှစ်မျိုးစပ် အစိုးရတစ်ရပ်နှင့် အစားထိုးခဲ့သည်။[20] အစိုးရသစ်သည် လှုပ်ရှားမှုအနည်းအကျဉ်းကို ဆောင်ရွက်နိုင်ရေးအတွက် လူ့အခွင့်အရေးလုပ်ငန်းစဉ်များအပါအဝင် လွတ်လပ်စွာပြောဆိုပိုင်ခွင့်နှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်များကို အထိုက်အလျောက် တိုးမြှင့်စေခဲ့သည့် ပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်ခဲ့ပါသည်။[21]

၂၀၁၂ ဧပြီလတွင် NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး သူမ နေရာတွင် အနိုင်ရရှိခဲ့သည်။ အမည်ခံနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် နောက်ထပ် ၃ နှစ်ခန့် ဆက်လက်ရှိနေခဲ့ပြီး NLD အပြတ်အသတ်အနိုင်ရရှိခဲ့သည့် ၂၀၁၅ နိုဝင်ဘာရွေးကောက်ပွဲကို ဖြစ်ပေါ်စေခဲ့ကာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမှ ပိတ်ဆို့မှုများကို ဖြေလျှော့စေသည့် လမ်းကြောင်းပေါ်သို့တွန်းတင်ပေးခဲ့သလို နိုင်ငံတကာအသိုင်းအဝိုင်းမှ နိုင်ငံ့ "ဒီမိုကရေစီ အသွင်ကူးပြောင်းရေး"ကို လက်ခံကြိုဆိုခဲ့ကြသည်။[22]

၂၀၁၅ ရွေးကောက်ပွဲပြီးနောက် နိုင်ငံတကာအကူအညီများနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုတို့သည် များစွာ တိုးလာခဲ့သော်လည်း အတွင်းပိုင်းတွင် စစ်တပ်လွှမ်းမိုးထားသည့် နိုင်ငံရေး ဖွဲ့စည်းပုံစနစ် - ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ - မှာ မပြောင်းမလဲ ရှိနေခဲ့ခြင်းကြောင့် အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေးမှာ လက်တွေ့မဆန်ဘဲရှိနေခဲ့သည်။[23] ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် ယခင် စစ်တပ်ခေါင်းဆောင်များ၏ ပြစ်မှုများကို ကင်းလွတ်ခွင့်ပေးခဲ့ပြီး အင်းအားအကြီးဆုံးဖြစ်သော ဝန်ကြီးဌာနသုံးခုကို စစ်တပ်အားထိန်းချုပ်စေခဲ့ကာ စစ်တပ်မှ ဖွဲ့စည်းပုံပြင်ဆင်ရေးကိုတားစီးနိုင်မည့် အစုအဝေးတစ်ရပ်ဖြစ်သော စစ်အရာရှိများအား လွှတ်တော်၏ ၂၅ ရာခိုင်နှုန်းသောထိုင်ခုံကို ပေးအပ်နိုင်ရေးကိုလည်း သေချာအောင် ချမှတ်ခဲ့သည်။[24]

နောက်ထပ် ၅ နှစ်တာသည် စစ်တပ်နှင့် အရပ်သားအစိုးရကြား ခက်ခဲသည့် ညွန့်ပေါင်းတစ်ရပ်အဖြစ် ရှိနေခဲ့သည်။၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် အောင်ဆန်းစုကြည်အား သမ္မတဖြစ်ခြင်းမှ တားမြစ်ခဲ့ သော်လည်း သူမသည် နိုင်ငံ၏ ဦးသျှောင်နှင့် လက်တွေ့အရ တရားဝင်ခေါင်းဆောင်အဖြစ်ရှိနေခဲ့ပြီး မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာတွင် ကိုယ်စားပြုခဲ့သည်။ ဆယ်စုနှစ်များစွာ ဆိုးဝါးသည့် စစ်အစိုးရ ကြီးစိုးသော တိုင်းပြည်တွင် လူ့အခွင့်အရေး တိုးများလာပြီး တရားဥပဒေစိုးမိုးမှု တိုးတက်လာလိမ့်မည်ဟု ကနဦးမျှော်လင့်ချက်များ ရှိခဲ့ကြသော်လည်း ၂၀၁၆ တွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာ လူမျိုးများအပေါ် မြန်မာ့စစ်တပ်မှဦးစီးကျူးလွန်ခဲ့သော လူမျိုးတုံးသတ်ဖြတ်မှုနှင့် တခြားရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများ (ရှိခဲ့သည်ဟူသောအချက်)ကို ဒေါ်အောင်ဆန်းစုကြည်သည် အကြိမ်ကြိမ် ငြင်းပယ်ခဲ့ခြင်းကြောင့်

19 Mridul Chowdhury, The Role of the Internet in Burma's Saffron Revolution (Berkman Center Research Publication No. 2008-08, Sept. 28, 2008), https://cyber.harvard.edu/sites/cyber.law.harvard.edu/files/Chowdhury_ Role_of_the_Internet_in_Burmas_Saffron_ Revolution.pdf_0.pdf; Andrew Selth, Burma's 'Saffron Revolution' and the Limits of International Influence, 62 Australian Journal of International Affairs 281, 281-97 (2008).

20 Transnational Institute & Burma Centrum Nederland, Ending Burma's Conflict Cycle? Prospects for Ethnic Peace (Burma Policy Briefing No. 8, Feb. 2012), https://www.tni.org/files/download/bpb8.pdf; Shwe Yinn Mar Oo & Soe Than Lynn, Mission Accomplished as SPDC 'Dissolved', Myanmar Times (Apr. 4, 2011), https://www.mmtimes.com/national-news/3138-mission-accomplished-as-spdc-dissolved.html.

21 Civil Society Briefs: Myanmar, Asian Development Bank (2015), https://www.adb.org/sites/default/files/publication/154554/csb-myanmar.pdf.

22 Myanmar Election: Suu Kyi's NLD Wins Landslide Victory, BBC (Nov. 13, 2015), https://www.bbc.com/news/world-asia-34805806.

23 ကြည့်ရန် - International Center for Transitional Justice, Impunity Prolonged: Burma and Its 2008 Constitution (Sept. 2009), https://www.ictj.org/sites/default/files/ICTJ-Myanmar-Impunity-Constitution-2009-English.pdf.

24 Aurel Croissant & Jil Kamerling, Why Do Military Regimes Institutionalize? Constitution-making and Elections as Political Strategy in Myanmar, 21 Asian Journal of Political Science 105, 105-25 (2013).

နိုင်ငံတကာဝေဖန်မှုများစွာကို ခံခဲ့ရပါသည်။ နိုင်ငံတော်အတိုင်အပင်ခံသည် တခြားတိုင်းရင်းသား လူနည်းစုများ၊ လူအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် တက်ကြွလှုပ်ရှားသူများအပေါ် လူအခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့ခြင်းကြောင့်လည်း ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။[25] နေပြည်တော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား အမျိုးသားငြိမ်းချမ်းရေးဖြစ်စဉ်သည် တိုင်းရင်းသား လက်နက်ကိုင်များ ထိန်းချုပ်သြဇာညောင်းသည့် နယ်မြေများရှိ ဆယ်စုနှစ်များစွာ ဖြစ်ပွားလျှက်ရှိသော ကာလကြာ အသေးစားအကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် ပျက်ကွက်ခဲ့သည်။[26]

၂၀၂၀ နိုဝင်ဘာလ ၈ ရက် နိုင်ငံ့ရွေးကောက်ပွဲများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ရွေးကောက်ခံ ထိုင်ခုံနေရာ၏ ၈၃ ရာခိုင်နှုန်းကို ရရှိစေခဲ့ကာ အပြတ်အသတ်အောင်ပွဲကို ဆောင်ကျဉ်းခဲ့သည်။[27] အခြားတဖက်တွင် မြန်မာ့စစ်တပ်နှင့် ဆက်နွယ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့)သည် စစ်တပ်အတွက် ချန်လှပ်ထားသည့် သတ်မှတ် ထိုင်ခုံနေရာ ၂၅ ရာနှုန်းအပြင် (စုစုပေါင်း) ထိုင်ခုံနေရာ၏ ၇ ရာနှုန်းကိုသာ ရရှိခဲ့သည်။[28]

ကြံ့ဖွံ့နှင့် မြန်မာ့စစ်တပ်ခေါင်းဆောင်များသည် မဲလိမ်မှုနှင့် အခြားမှုမမှန်သည့် လုပ်ရပ်များရှိခဲ့ကြောင်း အခိုင်အမာပြောဆိုကာ စစ်အာဏာသိမ်းမည်ဟု ခြိမ်းခြောက်လျက် မဲရလဒ်များကို ရက်သတ္တပတ်များ ကြာအောင် ရှုတ်ချခဲ့ကြသည်။[29]

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် တနင်္လာနေ့တွင် မြန်မာ့လွှတ်တော်အသစ်ကို ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲမှ စ၍ ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် စတင်ရန် စီစဉ်ထားခဲ့ကြသည်။ ထိုမနက်အစောပိုင်းအချိန်များတွင် ဗမာအခေါ် တပ်မတော် (သို့) မြန်မာ့စစ်တပ်သည် နိုင်ငံတော်အတိုင်အပင်ခံနှင့် နိုင်ငံ၏ လက်တွေ့အရ တရားဝင်ခေါင်းဆောင်ဖြစ်သူ အောင်ဆန်းစုကြည်အပါအဝင် သမ္မတဦးဝင်းမြင့်၊ ဒါဇင်ပေါင်းများစွာသော တခြားလွှတ်တော်အမတ်များနှင့် အစိုးရခေါင်းဆောင်များစွာတို့ကို ထိန်းသိမ်းခဲ့သည်။[30] မြန်မာ့စစ်ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်အာဏာသိမ်းလိုက်ပြီသည်။

ထို့နေ့မနက်နှောင်းပိုင်းအချိန်တွင် စစ်တပ်ပိုင်မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် ဗီဒီယိုတွင် သတင်းကြေညာသူသည် တစ်နှစ်တာ “နိုင်ငံတော်အရေးပေါ်အခြေအနေ” ကြေညာသည့် စစ်တပ်၏ ထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သည်။ “မဲစာရင်းစစ်ဆေးအတည်ပြုခြင်းအပါအဝင် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ နှစ်) ပုဒ်မ ၄၁၈၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့အား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးလိုက်သည်”ဟု ထုတ်ပြန်ချက်ကို ဖတ်ကြားခဲ့သည်။ [31] ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၀ အထွေထွေရွေးကောက်ပွဲများအတွင်း “ဆိုးဝါးစွာလွဲမှားနေသည့် မဲစာရင်း”ဟု ဆိုကာ အဆိုပါနေ့က စစ်တပ်၏ လုပ်ရပ်ကို တရားမျှတစေရန် အကြောင်းပြခဲ့ကြောင်း ဆိုသည်။[32]

နောက်တနေ့၊ ဖေဖော်ဝါရီ ၂ ရက်နေ့တွင် စစ်တပ်သည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်။[33] အာဏာသိမ်းပြီး ၆ လအကြာ ၂၀၂၁၊ သြဂုတ်လတွင် ဗိုလ်ချုပ်မှူးကြီး

25 Briefing Paper: The Right to Freedom of Expression in the Context of Myanmar’s 2020 General Election, Article 19 (Apr. 2020), https://www.article19.org/wp-content/uploads/2020/04/2020.04.17-Myanmar-Election-Briefing-Paper-final.pdf.

26 Min Zaw Oo, Understanding Myanmar’s Peace Process: Ceasefire Agreements (2014), http://eprpinformation.org/files/searching-for-solutions/ceasefires-myanmar/understanding-myanmar-peace-process-ceasefire-agreements.pdf. See also Five Years of War: A Call for Peace, Justice, and Accountability in Myanmar, Fortify Rights (June 9, 2016), https://www.fortifyrights.org/mya-inv-js-2016-06-09/.

27 Official Results Show Another Election Landslide for Myanmar’s Ruling NLD, The Irrawaddy (Nov. 16, 2020), https://www.irrawaddy.com/elections/official-results-show-another-election-landslide-myanmars-ruling-nld.html.

28 Id. မြန်မာနိုင်ငံ ၂၀၀၈ ဖွဲ့စည်းပုံ ပုဒ်မ ၁၄၁ တွင် “အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၂၂၄ ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်......တပ်မတော်ကာကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား အမျိုးသားကိုယ်စားလှယ် ၅၆”....ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) § ၁၄၁.

29 တပ်မတော်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းမှ သတင်းထောက်များကို ပြောကြားရာတွင် “တပ်မတော်က အာဏာမသိမ်းဘူးလို့ ပြောလို့မရဘူး”။ Radio Free Asia, Myanmar’s Military Refuses to Rule Out Coup Over Election Fraud Claims, Voice of America (Jan. 28, 2021), https://www.voanews.com/east-asia-pacific/myanmars-military-refuses-rule-out-coup-over-election-fraud-claims.

30 Myanmar: Release Government Officials and Human Rights Defenders Detained in Military Coup, Fortify Rights (Feb. 1, 2021), https://www.fortifyrights.org/mya-inv-2021-02-01/; Myanmar Coup: Aung San Suu Kyi Detained as Military Seizes Control, BBC (Feb. 1, 2021), https://www.bbc.com/news/world-asia-55882489.

31 မြဝတီရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်မှု၊ ၂၀၂၁ ဖေဖော်ဝါရီ ၁။ Statement from Myanmar Military on State of Emergency, Reuters (Jan. 31, 2021), https://www.reuters.com/article/us-myanmar-politics-military-text/statement-from-myanmar-military-on-state-of-emergency-idUSKBN2A11A2 ကိုလည်းပဲကြည့်ရန်။

32 မြဝတီရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်မှု၊ ၂၀၂၁ ဖေဖော်ဝါရီ ၁။ Statement from Myanmar Military on State of Emergency, Reuters (Jan. 31, 2021), https://www.reuters.com/article/us-myanmar-politics-military-text/statement-from-myanmar-military-on-state-of-emergency-idUSKBN2A11A2 ကိုလည်းပဲကြည့်ရန်။

33 Republic of the Union of Myanmar Office of the Commander-in-Chief of Defence Services, Global New Light of Myanmar (Feb. 2, 2021), at 11, https://cdn.myanmarseo.com/file/client-cdn/gnlm/wp-content/uploads/2021/02/2_Feb_21_gnlm.pdf.

မင်းအောင်လှိုင်သည် မြဝတီရုပ်မြင်သံကြား မှ တဆင့်မိန့်ခွန်းပြောကြားရာ၌ နိုင်ငံတော်အရေးပေါ်ကာလသည် ၂၀၂၃ အထိရှိနေလိမ့်ဖြစ်ကြောင်း ထပ်မံ ကြေညာခဲ့သည်။[34]

အာဏာသိမ်းမှုနောက် နိုင်ငံအနှံ့ဆန္ဒပြမှုကို တုန့်ပြန်သည့်အနေဖြင့် မြန်မာ့စစ်တပ်သည် Facebook, Twitter နှင့် WhatsApp တို့ကဲ့သို့ လူမှုကွန်ယက် site များနှင့် ဝန်ဆောင်မှုများကို ပိတ်ပင်ပြီး နိုင်ငံအနှံ့ အင်တာနက်လိုင်းများကို အခါအားလျော်စွာ ရပ်ဆိုင်းခဲ့သည်။[35] စစ်အာဏာသိမ်းအုပ်စုသည် သီးခြား လွတ်လပ်သောမီဒီယာ အဖွဲ့အစည်းများကို ပိတ်သိမ်းခဲ့ပြီး သတင်းထောက်များကို ပစ်မှတ်ထားဖမ်းဆီးခဲ့သည်။[36]

အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲဖြိုခွင်းမှုများအပေါ် ပြည်သူ့ တုန့်ပြန်မှုသည် လျင်မြန်ပြီး ပြတ်သားခိုင်မာလှသည် - အာဏာသိမ်းအုပ်စုအား ကနဦး နှုတ်အားဖြင့် ဆန့်ကျင်ခြင်းနှင့် အသေးစား ဆန္ဒပြခြင်းများမှသည် နိုင်ငံအနှံ့လူထုလှုပ်ရှားမှုကြီးအဖြစ်သို့ ကြီးထွားလာခဲ့ပြီး သန်းပေါင်းများစွာသော ပြည်သူတို့သည် လမ်းပေါ်ထွက်၍ အာဏာသိမ်းမှုကို ရှုံ့ချကာ နိုင်ငံရေးခေါင်းဆောင်များကို လွှတ်ပေးရန်နှင့် ပြည်သူ့ ဒီမိုကရေစီ အုပ်ချုပ်ရေးကို ကျင့်သုံးရန်တောင်းဆိုခဲ့ကြသည်။[37] အာဏာသိမ်းပြီးနောက်တစ်နေ့တွင် ဆေးဖက်ဆိုင်ရာဝန်ထမ်းများသည် Civil Disobedience Movement (CDM) ကို စတင်ခဲ့ပြီး ပါဝင်ကြသူများသည် အာဏာသိမ်းစစ်အုပ်စုအောက်တွင် အလုပ်လုပ်ရန် ငြင်းဆန်ကန့်ကွက်၍ သပိတ်မှောက်ကြခြင်းဖြစ်သည်။[38]

CDM လှုပ်ရှားမှုသည် ကြီးထွားလာခဲ့ပြီး အင်ဂျင်နီယာ၊ ကျောင်းဆရာ၊ ဘဏ်ဝန်ထမ်းနှင့် တခြားဝန်ထမ်းများ ပါဝင်လာခဲ့ကာ ဤအစီအရင်ခံစာကို ရေးသာချိန်အထိ ထူးခြားအရေးပါလှသော နိုင်ငံတဝန်း စစ်အာဏာဆန့်ကျင်သည့် လှုပ်ရှားမှုတစ်ရပ်အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် စစ်တပ်လက်မှ လွတ်မြောက်ခဲ့သော ရွေးကောက်ခံ လွှတ်တော်အမတ်များသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)ကို ဖွဲ့စည်းခဲ့ပြီး ၎င်းတို့သည် မြန်မာပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာခဲ့သည်။[39] CRPH သည် အရပ်ဖက်လူ့အဖွဲ့အစည်း၊ တိုင်းရင်းသားလူနည်းစု၊ မြန်မာစစ်တပ်နှင့် နှစ်ရှည်လများစွာတိုက်ပွဲ ဝင်လျက်ရှိသည့် ဒါဇင်ချီများပြားသော တိုင်းရင်းသားလက်နက်ကိုင် (EAO) တို့ဖြင့် နီးကပ်စွာ အလုပ်တွဲလုပ်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားပြီးဖြစ်ပါသည်။

မတ်လ ၃၁ တွင် CRPH သည် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဖျက်သိမ်းရန်နှင့် Federal ဒီမိုကရေစီ ပြည်ထောင်စုသစ်တစ်ရပ်ကို တည်ဆောက်ရန် အစီအစဥ်များပါဝင်သည့် "ဖယ်ဒရယ်ဒီမိုကရေစီပဋိညာဉ်"တစ်ခုကို ထုတ်ပြန် ကြေညာခဲ့သည်။[40] အစီအစဥ်ကို ထောက်ပံ့ဖြည့်စွမ်းသည့်အနေဖြင့် CRPH သည် ပြည်သူ့ဆန္ဒ အချုပ်ခြာအာဏာဆိုင်ရာ ကိုယ်စားပြု

34 မြဝတီရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်မှု၊ ၂၀၂၁ ဩဂုတ်လ ၁။ Myanmar Army Ruler Takes Prime Minister Role, Again Pledges Elections, Reuters (Aug. 1, 2021), https://www.reuters.com/world/asia-pacific/myanmar-military-ruler-promises-elections-says-ready-work-with-asean-2021-08-01/. ကိုလည်းကြည့်ရန်

35 Andrea Januta & Minami Funakoshi, Myanmar's Internet Suppression, Reuters (Apr. 7, 2021), https://graphics.reuters.com/MYANMAR-POLITICS/INTERNET-RESTRICTION/rlgpdbreepo/; Fanny Potkin, Facebook Faces a Reckoning in Myanmar after Blocked by Military, Reuters (Feb. 4, 2021), https://www.reuters.com/article/us-myanmar-politics-facebook-focus/facebook-faces-a-reckoning-in-myanmar-after-blocked-by-military-idUSKBN2A42RY.

36 Elaine Kurtenbach, How Myanmar is Cracking Down on Journalists, Associated Press (Mar. 9, 2021), https://apnews.com/article/myanmar-media-coverage-explained-5769db55af07afa090a4022a8b8013fe.

37 Myanmar Coup: Mass Protests Defy Military and Gridlock Yangon, BBC (Feb. 17, 2021), https://www.bbc.co.uk/news/world-asia-56094649.

38 ကြည့်ရန် - မန္တလေးသင်ကြားရေးဆေးရုံမှ လက်ထောက်ခွဲစိတ်ဆရာဝန်များ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ ရန်ကုန်အထွေထွေဆေးရုံကြီးမှ လက်ထောက်ခွဲစိတ်ဆရာဝန်များ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ မန္တလေးအထွေထွေဆေးရုံကြီးမှ လက်ထောက်ခွဲစိတ်ဆရာဝန်များ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ ရန်ကုန်အထွေထွေဆေးရုံသစ်မှ လက်ထောက်ခွဲစိတ်ဆရာဝန်များ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ မန္တလေးကလေးဆေးရုံကြီးမှ လက်ထောက်ခွဲစိတ်ဆရာဝန်များ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ ပြည်အထွေထွေဆေးရုံကြီးမှ လက်ထောက်ခွဲသမားတော်ကြီးများ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ နေပြည်တော်အထွေထွေဆေးရုံကြီးမှ သူနာပြုဆရာမများ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ ရန်ကုန်ဆေးတက္ကသိုလ်- ၁ မှ ကျောင်းသားဟောင်းများ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ မော်လမြိုင် အထွေထွေဆေးရုံကြီးမှ သူနာပြုဆရာမများ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ သင်္ကန်းကျွန်းအထွေထွေဆေးရုံကြီးမှ လက်ထောက်သမားတော်ကြီးများ၏ ထုတ်ပြန်ကြေညာချက် (၂၀၂၁၊ ဖေ၊ ၂) (စာရေးသူမှ သိမ်းဆည်းထားရှိ)၊ 'They are Wicked': Myanmar's Strike Holdouts Keep Up Junta Defiance, Frontier Myanmar (July 30, 2021), https://www.frontiermyanmar.net/en/they-are-wicked-myanmars-strike-holdouts-keep-up-junta-defiance/. ကိုလည်း ကြည့်ရန်။

39 ပြည်ထောင်စုလွှတ်တော်သည် ၂၀၀၈ နိုင်ငံတော်ဖွဲ့စည်းပုံအရ မြန်မာနိုင်ငံ၏ နိုင်ငံတော်အဆင့် လွှတ်တော်နှစ်ရပ်ပါ တရားဝင် ဥပဒေပြုလွှတ်တော်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော် နှစ်ရပ်ဖြစ်သော အမျိုးသားလွှတ်တော် (ထိုင်ခုံနေရာ ၂၂၄ နေရာပါ အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော် (ထိုင်ခုံနေရာ ၄၄၀ နေရာပါ အောက်လွှတ်တော်)တို့ဖြင့် ဖွဲ့စည်းထားပါသည်။ Who We Are, Committee Representing Pyidaungsu Hluttaw, https://crphmyanmar.org/who-we-are/.

40 Committee Representing Pyidaungsu Hluttaw, Federal Democracy Charter, Declaration of Federal Democracy Union 2021, https://crphmyanmar.org/wp-content/uploads/2021/04/Federal-Democracy-Charter-English.pdf.

မှုတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းခဲ့သည်။ ဖယ်ထုတ်ခံလိုက်ရသည့် လွှတ်တော်အမတ်များ၊ အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသည့် ခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးနွယ်စုများနှင့် ဖွဲ့စည်းထားသည့် NUG သည် စစ်အုပ်ချုပ်ရေး အဆုံးသတ်ရန်နှင့် ဒီမိုကရေစီပြန်လည် ရရှိနိုင်ရန် ၎င်း၏ လုပ်ငန်းစဉ်ကို ကြေညာခဲ့သည်။ မြန်မာပြည်တွင်းမှ ထူးခြားသည့် NUG ဝန်ကြီးများ၏ ရာနှုန်းအချိုးအစားကို ကြည့်ခြင်းအားဖြင့် ၎င်း ခန့်အပ်ထားသော အစိုးရအရာရှိများမှာ အသက်ခံရမှု၊ မတရားအဖမ်းခံရမှုနှင့် ဖမ်းဆီးထိန်းသိမ်းမှုကို ရှောင်ရှားရန် ပုန်းအောင်းနေဆဲဖြစ်သော်လည်း NUG သည် ပြည်နှင်ဒဏ်ခံ အစိုးရနှင့်မတူဘဲ (အချိန်၊အလှည့်ကို)စောင့်ဆိုင်းနေသည့် အစိုးရနှင့် ပိုတူလေသည်။[41]

မေလ ၅ ရက်နေ့တွင် NUG သည် စစ်အာဏာသိမ်းအုပ်စုဆီမှ ပြည်သူကိုကာကွယ်ရန် "ပြည်သူ့ကာကွယ်ရေးတပ်" PDF ကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။[42] အခြေတည်ဖွံ့ဖြိုးလာသော PDF တပ်ဖွဲ့များသည် NUG ကို ထောက်ခံကြောင်း ပြသော်လည်း သူတို့သည် NUG ၏ တိုက်ရိုက် ထိန်းချုပ်မှုအောက်တွင် ရှိမနေပေ။[43] မြန်မာနိုင်ငံ၏ EAO တော်တော်များများသည် NUG ဖွဲ့စည်းခြင်းကို မဝံ့မရဲ ကြိုဆိုခဲ့ကြသော်လည်း တော်တော်များများမှာ ယခင် NLD ကို မယုံကြည်ခြင်းနှင့် သမိုင်းဝင် မကျေနပ်ချက်များသည် ရေချိန်အတိုင်းအတာတစ်ခုတိ ရှိနေဆဲဖြစ်သည်။[44]

PDF နှင့် ပတ်သက်၍ ကြေညာချက်ထုတ်ပြန်ပြီး ၄ လအကြာ စက်တင်ဘာလ ၇ ရက်နေ့တွင် NUG ၏ ယာယီ သမ္မတ ဒူဝါလရှီးလသည် PDF နှင့် EAOs များအား စစ်တပ်နှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ပစ်မှတ်ထားရန် တောင်းဆိုလျက် စစ်တပ်အပေါ် "ပြည်သူ့ခုခံစစ်" ကို ကြေညာခဲ့သည်။[45]

မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိမှတ်ပြုမှုရရှိရေးအတွက်ကြိုးပမ်းရာတွင် NUG သည် ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းကြားတွင် တရားဝင်အသိအမှတ်ပြုမှုရရှိရေးကို အားပေးပြောဆိုခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးအတွက် ဥပဒေအုတ်မြစ်ကို ထောက်ပံ့ပေးသည့် ရောမစာချုပ်အပါအဝင် အရေးကြီးစာချုပ်များတွင်ပါဝင်လိုသည့် ၎င်း၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။[46]

ဖေဖော်ဝါရီလ ၂၆ ရက် စစ်အာဏာသိမ်းမှုနှင့် ပတ်သက်၍ သမိုင်းတွင်မည့် ရှုံ့ချပွဲ၌ ကမ္ဘာကုလသမဂ္ဂဆိုင်ရာ မြန်မာ သံအမတ် ဦးကျော်မိုးထွန်းသည် အထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ စစ်အာဏာသိမ်းမှုကို ရှုံ့ချပြီး ရွေးကောက်ခံ အစိုးရအပေါ် သစ္စာခံကြောင်း ထုတ်ပြန်ပြောဆိုခဲ့သည်။[47] ၂၀၂၁ စက်တင်ဘာလ အထွေထွေညီလာခံမတိုင်မီတွင် ကမ္ဘာ ကုလသမဂ္ဂအစိုးရများနှင့် တရုတ်တို့သည် သံအမတ်ကြီး ဦးကျော်မိုးထွန်းအား ၎င်းမှ မြန်မာနိုင်ငံကို အစစ်အမှန် ကိုယ်စားပြုကာ အထွေထွေညီလာခံတွင် စကားပြောဆိုခြင်းကို ရှောင်ကြဉ် သမျှကာလပတ်လုံး ကုလသမဂ္ဂရှိ ၎င်း၏ထိုင်ခုံကို ဆက်လက်ထိန်းထားနိုင်စေသည့် သဘောတူညီချက်တစ်ခုကို သတ်မှတ်ခဲ့ကြသည်။[48]

* * *

41 Interview with Dr. Sasa on the Formation of the National Unity Government, Al Jazeera (Apr. 17, 2021), https://www.facebook.com/DrSasa22222/videos/728990474454546.

42 Myanmar's Anti-Coup Bloc to Form a 'Defence Force', Al Jazeera (May 6, 2021), https://www.aljazeera.com/news/2021/5/6/myanmars-anti-coup-bloc-to-form-a-defence-force.

43 ကြည့်ရန် - Taking Aim at the Tatmadaw: The New Armed Resistance to Myanmar's Coup, International Crisis Group (June 28, 2021), at 12, https://d2071andvip0wj.cloudfront.net/b168-taking-aim-at-the-tatmadaw.pdf.

44 See, e.g., Kyaw Hsan Hlaing, After Myanmar's Military Coup, Arakan Army Accelerates Implementation of the 'Way of Rakhita', The Diplomat (Apr. 14, 2021), https://thediplomat.com/2021/04/after-myanmars-military-coup-arakan-army-accelerates-implementation-of-the-way-of-rakhita/. See also Andrew Nachemson, Will More Ethnic Minority Organizations Join Myanmar's Revolution?, Foreign Policy (July 1, 2021), https://foreignpolicy.com/2021/07/01/myanmar-ethnic-minority-organizations-coup-revolution-federal-army/.

45 Acting President of the National Unity Government of Myanmar, Duwa Lashi La's Emergency Speech to the Public on Current Military Crisis, Facebook (Sept. 7, 2021), https://www.facebook.com/watch/live/?v=924237501776114&ref=watch_permalink.

46 Michelle Nichols, Ousted Myanmar Lawmakers Consider International Criminal Court, Says U.N. Envoy, Reuters (Mar. 18, 2021), https://www.reuters.com/article/us-myanmar-politics-un/ousted-myanmar-lawmakers-consider-international-criminal-court-says-u-n-envoy-idUSKBN2BA2PQ.

47 ၂၀၁၈ တွင် ဦးကျော်မိုးထွန်းက ရိုဟင်ဂျာများအပေါ် ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ အချက်အလက်ရှာဖွေရေးမစ်ရှင်၏ အစီအရင်ခံစာသည် "နှစ်ဖက်ညီမျှမှု၊ ဘက်မလိုက်မှု၊ တရားမျှတမှု"တို့ ကင်းမဲ့နေပြီး အစီရင်ခံစာသည် ရိုဟင်ဂျာဒုက္ခသည်များ၏ ထွက်ဆိုချက်ကိုသာ များစွာကိုးကားထားကြောင်း ဝေဖန်လျက် UN ကို ပြောဆိုခဲ့ပါသည်။ ၎င်းသည် NLD ကို ကာကွယ်လျက် "ဤအစီအရင်ခံစာသည် ရခိုင်ပြည်တွင်း လူမှုသဟဇာတကို ထိခိုက်စေသည်သာမက တနိုင်ငံလုံးအတွက် "ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး"တို့ ဖြစ်ပေါ်လာစေရန် အစိုးရ၏ ကြိုးပမ်းမှုကိုလည်း နှောက်ယှက်ရာရောက်သည်ဟု ဆိုသည်။ ကြည့်ရန် - Michael Safi, 'Tied to trees and raped': U.N. Report Details Rohingya Horrors, The Guardian (Sept. 18, 2018), https://www.theguardian.com/world/2018/sep/18/tied-to-trees-and-raped-un-report-details-rohingya-horrors.

48 Colum Lynch, Robbie Gramer & Jack Detsch, U.S. and China Reach Deal to Block Myanmar's Junta from U.N., Foreign Policy (Sept. 13, 2021), https://foreignpolicy.com/2021/09/13/myanmar-united-nations-china-biden-general-assembly/. See also Kelley Currie, Beyond the Coup: Can the United Nations Escape Its History in Myanmar?, Just Security (May 27, 2021), https://www.justsecurity.org/76641/ beyond-the-coup-can-the-united-nations-escape-its-history-in-myanmar/.

ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းပြီးချိန်မှစ၍ UN လုံခြုံရေးကောင်စီ (UNSC)သည် အာဏာသိမ်းမှုကို တုံ့ပြန်ရန် အရေးပေါ်အစည်းအဝေးတချို့ကို ကျင်းပခဲ့သော်လည်း ရုရှနှင့် တရုတ်တို့၏ ဗီတို အန္တရာယ်နှင့် လုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ UK မှ ဆုံးဖြတ်ချက်တစ်ခုကို ရှေ့ဆက်ဆောင်ရွက်ရန် ပျက်ကွက်မှုတို့ကြောင့် ဖြေရှင်းချက်တစ်ရပ်အား အဆိုပြုတင်ပြရန် ပျက်ကွက်ခဲ့ကြသည်။[49] မတ်လ ၁၀ ရက်နေ့ လုံခြုံရေးကောင်စီမှ ချမှတ်သည့် ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် အာဏာသိမ်းမှုကို ပြန်လည်လက်လွှတ်ပြီး အရပ်သားပြည်သူများအား အကြမ်းဖက်တိုက်ခိုက်မှုကို အဆုံးသတ်ရန် အာဏာသိမ်းအုပ်စုအပေါ် မည်သည့် စစ်မှန်သော တုံ့ပြန်(အရေးယူ)မှုမျိုးကိုမှ မတင်ပြခဲ့ပေ။[50]

"လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများကို အရေးမယူဘဲ စောင့်ကြည့်နေခဲ့သည်မှာ ကြာမြင့်လှပြီဖြစ်ပြီး မြန်မာစစ်တပ်မှ ကျူးလွန်သည့် အဆိုးဝါးဆုံးသော နိုင်ငံတကာရာဇဝတ်မှုများမှာ ထပ်မံဖြစ်ပေါ် လာခဲ့ပါပြီ ။ ဤကောင်စီအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည့် ဖြစ်စဉ်လမ်းကြောင်းအား ပြောင်းလဲပစ်နိုင်မည့် သိသာထင်ရှားသည့် အရေးယူဆောင်ရွက်မှုကို စဉ်းစားရပါမည်" ဟု ဆိုကာ "သွေးချောင်းစီးမှုကြီး ဖြစ်ပေါ်တော့မည့်" အကြောင်းကို သတိပေးပြောဆိုခဲ့သော မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအထူးကိုယ်စားလှယ် Christine Schraner Burgener အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဆင့်မြင့် အရာရှိကြီးများက လျှောက်ထားတောင်းဆိုနေသည့်ကြားမှ လုံခြုံရေးကောင်စီသည် အရေးယူရန် ပျက်ကွက်ခဲ့ပါသည်။[51]

မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ် Tom Andrews သည်လည်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ကာကွယ်ဖို့ အရေးတကြီးဆောင်ရွက်ရန်လိုအပ်ကြောင်း UN လုံခြုံရေးကောင်စီကို တောင်းဆိုခဲ့ပြီး မြန်မာစစ်တပ်သည် နိုင်ငံတကာဥပဒေ၏ အခြေခံစဉ်းမျဉ်းများကို ချိုးဖောက်ကာ "လူသတ်ခြင်း၊ အပျောက်ဖျောက်ခြင်း၊ နှိပ်ကွပ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ထောင်ချခြင်း" များအပါအဝင် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်နိုင်ခြေရှိကြောင်း UNHRC (ကုလလူ့အခွင့်အရေးကောင်စီ)သို့ အစီအရင်ခံခဲ့သည်။[52]

UN အဖွဲ့ဝင်နိုင်ငံများသည် ပဋိပက္ခအဆုံးသတ်နှင့် ပြည်သူ့အုပ်ချုပ်မှုပြန်လည်ပေါ်ပေါက်ရေးကို ကူညီဆောင်ရွက်ရန် အလားအလာရှိသည့် အဖွဲ့အစည်းအဖြစ် ASEAN အပေါ် မျှော်လင့်ချက် ထားရှိကြသည်။ အဆိုပါအဖွဲ့သည် မြန်မာနိုင်ငံရှိ အကျပ်အတည်းအပေါ်ဆွေးနွေးရန် ဧပြီလတွင် အရေးပေါ် ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ သို့ရာတွင် ဤဒေသတွင်းအဖွဲ့အစည်း၏ - အစုလိုက်အပြုံလိုက်ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများနှင့် ကြုံတွေ့နေရချိန်၌ပင် - အဖွဲ့ဝင်နိုင်ငံများ၏ "ပြည်တွင်းကိစ္စ"တွင် ဝင်မစွက်ဖက်ရေးကို အလေးထားခြင်းနှင့် UN အတွင်း လေးနက်သည့်အရေးယူဆောင်ရွက်မှုကို တားဆီးရန် အဖွဲ့ဝင်နိုင်ငံများမှ ကြိုးပမ်းခြင်းအပါအဝင် ၎င်း၏ ဒီမိုကရေစီ၊ လူ့အခွင့်အရေးတို့နှင့် ပတ်သက်၍ ညံ့ဖျင်းသည့် သမိုင်းကြောင်းမှတ်တမ်းတို့ကြောင့် အရာရောက်မည့် ချဉ်းနှင်းဝင်ရောက် အရေးမှုများ ဆောင်ရွက်နိုင်စွမ်းနှင့်ပတ်သက်၍ မျှော်လင့်ချက်နည်းခဲ့ရသည်။[53]

၂၀၂၁ ဇွန်လ ၁၈ ရက်နေ့တွင် UN အထွေထွေညီလာခံသည် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်တစ်ရပ် လိုအပ်ကြောင်း တောင်းဆိုလျှက် မြန်မာနိုင်ငံ အခြေအနေနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ရပ်ကို ဘုံသဘောတူညီချက်ဖြင့် ချမှတ်ခဲ့ပြီး အဆိုပါထုတ်ပြန်မှုတွင် အကြမ်းဖက်မှုလျှော့ချရန်လိုအပ်ချက်ဖြစ်သော ၂၀၂၀ ဇူလိုင် ၁ ရက်၏ ဆုံးဖြတ်ချက် ၂၅၃၂ (၂၀၂၀)တွင် လုံခြုံရေးကောင်စီမှ ထောက်ခံခဲ့သော UN အထွေထွေအတွင်းရေးမှူးချုပ်၏ ကမ္ဘာလုံးဆိုင်ရာ အပစ်အခတ်ရပ်ဆဲရေးတောင်းဆိုမှုနှင့် အညီ ပြန်လည်တောင်းဆိုထားပြီး ၎င်းနှင့်ဆက်စပ်၍ မြန်မာနိုင်ငံအတွင်းသို့ လက်နက်စီးဆင်းမှုကို တားဆီးရန် UN အဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုထားပါသည်။[54]

အာဏာစသိမ်းချိန်မှစ၍ ဥရောပသမဂ္ဂ (နှင့် E.U မဟာမိတ်နိုင်ငံများ)၊ အမေရိကန်ပြည်ထောင်စု၊ U.K နှင့် ဆွစ်ဇာလန်နိုင်ငံတို့သည် လူတစ်ဦးတစ်ယောက်ချင်းနှင့် သီးခြားအဖွဲ့အစည်းများအပေါ် ပိတ်ဆို့မှုများချမှတ်ခဲ့ပါသည်။ ပိတ်ဆို့မှုများတွင် အာဏာသိမ်းခေါင်းဆောင်များနှင့် နီးစပ်သည့် မိသားစုဝင်များပါဝင်ပြီး ၎င်းနိုင်ငံများ၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ အဆိုပါ

49 See, e.g., Myanmar: U.N. Expert Calls for Emergency Summit, Warns Conditions 'Likely to Get Much Worse', U.N. News (Mar. 25, 2021), https://news.un.org/en/story/2021/03/1088242.

50 See U.N. Security Council, Issuing Presidential Statement, Security Council Expresses Deep Concern about Developments in Myanmar, U.N. News (Mar. 10, 2021), https://www.un.org/press/en/2021/sc14462. doc.htm.

51 Myanmar: 'Significant Action' Needed by Security Council to Prevent 'Bloodbath', U.N. News (Mar. 31, 2021), https://news.un.org/en/story/2021/03/1088822.

52 Statement by Thomas H. Andrews, U.N. Special Rapporteur on the Situation of Human Rights in Myanmar, United Nations Human Rights Council (2021), https://www.ohchr.org/EN/NewsEvents/Pages/ DisplayNews.aspx?NewsID=26884&LangID=E.

53 Vanessa Chong & Tanyalak Thongyoojaroen, Beyond the Coup in Myanmar: The ASEAN Way Must Change, Just Security (May 14, 2021), https://www.justsecurity.org/76126/beyond-the-coup-in-myanmar-the-asean-way-must-change/.

54 GA Res. 75/287 (June 14, 2021), https://undocs.org/en/A/RES/75/287.

ပစ်မှတ်ထားပုဂ္ဂိုလ်များနှင့် ပတ်သက်သော ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားခြင်းနှင့် ခရီးသွားလာခွင့်ပိတ်ပင်ခြင်းများကိုလည်း ပြုလုပ်ထားပါသည်။ UK၊ US နှင့် EU နိုင်ငံများသည် သဘာဝအရင်းအမြစ်ထုတ်ယူခြင်းနှင့် ပတ်သက်သော လုပ်ငန်းများ (ဥပမာ- သစ်၊ ကျွန်း၊ ပုလဲ၊ သတ္တု) အပါအဝင် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာ့စီပွားရေးကော်ပိုရေးရှင်းနှင့် အခုအာဏာသိမ်းအုပ်စု၏ ထိန်းချုပ်မှု အောက်တွင်ရှိနေသော နိုင်ငံတော်ပိုင်လုပ်ငန်းများ စသည့် စစ်တပ်မှတိုက်ရိုက်ပိုင်ဆိုင်သော စစ်တပ်ပိုင်လုပ်ငန်များကိုလည်း ပိတ်ဆို့ခဲ့ပါသည်။ EU တစ်ခုတည်းကသာ မြန်မာရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းကို ပိတ်ဆို့ခဲ့ပြီး US နှင့် UK တို့သည် SAC အား သီခြားပိတ်ဆို့ခဲ့ကြသည်။

ထိုကဲ့သို့ အားစိုက်ဆောင်ရွက်ခဲ့ကြသော်လည်း ၎င်းသည် အာဏာသိမ်းမှုမှ နောက်ဆုတ်မည့် အရိပ်အယောင်ကိုပင် မပြပေ။ အာဏာသိမ်းအုပ်စု၏ အရပ်သားပြည်သူအပေါ် တိုက်ခိုက်မှုများသည် ငြင်းမရနိုင်အောင် ဆက်လက်ရှိနေဆဲဖြစ်ပြီး ယင်းမှာ နိုင်ငံအနှံ့ ယခင်က မကြုံဖူးသော အတိုင်းအတာဖြင့် ဖြစ်ပေါ်လျှက်ရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်အတူ ဤအစီရင်ခံစာရေးသားချိန်အထိ နည်းပေါင်းစုံဖြင့် အရှိန်မြင့်ပြင်းထန်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ကို အဆက်မပြတ်ရင်ဆိုင်ကြုံတွေ့ခဲ့ပြီဖြစ်သော်လည်း ဤအကျပ်အတည်းအတွက် ဖြေရှင်းချက်တစ်ရပ်ကို မကြာမီ ရှာမတွေ့နိုင်ပါက နိုင်ငံသည် ပြည်တွင်းစစ်ကို မကြုံစဖူးသောအတိုင်းအတာအထိ ခံစားကြုံတွေ့လာနိုင်ပြီး ကျရှုံးနိုင်ငံတစ်ခု ဖြစ်လာနိုင်ပါသည်။ [55]

55 Joshua Kurlantzick, Post-Coup Myanmar Could Become a Failed State, World Politics Review (Apr. 12, 2021), https://www.worldpoliticsreview.com/articles/29563/in-myanmar-civil-war-looms-as-violence-escalates-post-coup.

# အကြံပြုချက်များ (Recommendations)

## က. မြန်မာ့ စစ်အာဏာသိမ်းအုပ်စုအား အကြံပြုခြင်း

- အရပ်သားပြည်သူများအပေါ်တိုက်ခိုက်အားလုံးကို ရပ်တန့်ပြီး ဖြစ်ပေါ်ဆဲလက်နက်ကိုင် ပဋိပက္ခများအား ချက်ချင်း အဆုံးသတ်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်ရပ်ဆဲရေးကို ကြေညာရန်
- ၂၀၂၁ ဖေဖော်ဝါရီ ၁ရက်နေ့မှစ၍ မတရားထိန်းချုပ်ခံရသူများအပါအဝင် နိုင်ငံရေးအကျဉ်းသား အားလုံးကို ချက်ချင်း ခြွင်းချက်မရှိ လွှတ်ပေးရန်
- မြန်မာပြည်သူများမှ မှန်ကန်စွာ ရွေးချယ်ထားသူများအား သက်ဆိုင်ရာအာဏာကို ပြန်အပ်နှင်းရန်
- အင်တာနက်နှင့် ကြေးနန်းဆက်သွယ်ရေးဝန်ဆောင်မှု ရရှိခွင့်အား ကန့်သတ်ပိတ်ပင်ခြင်းများကို ရုတ်သိမ်းရန်
- မီဒီယာနှင့် သတင်းထောက်များ၊ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူများနှင့် တခြား လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို အားပေး၊ ကာကွယ်ရန် ဆောင်ရွက်နေသူများအပေါ် တိုက်ခိုက်မှု၊ အန္တရာယ်ပေးမှုနှင့် ခြိမ်းခြောက်မှုများကို အဆုံးသတ်ရန်
- နိုင်ငံတကာရာဇဝတ်ခုံရုံး၌ စွဲချက်တင်သည့်တရားလိုရုံး၊ မြန်မာနိုင်ငံဆိုင်ရာ UN လူ့အခွင့်အရေးအထူး ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော နိုင်ငံတကာယန္တရားများ အပါအဝင် နိုင်ငံတကာတရားရေးယန္တရား၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့အစည်းများနှင့် ပူပေါင်းဆောင်ရွက်ရန်

## ခ. မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရအား အကြံပြုခြင်း

- အပေါ်တွင်ဖော်ပြထားသည့် နိုင်ငံတကာ တရားစီရင်ရေးယန္တရားများအား သက်သေအထောက်အထား များကို ဝေမျှခြင်းအပါအဝင် မြန်မာနိုင်ငံရှိ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအား ကျူးလွန်ထားသူများကို အရေးယူနိုင်ရန် နိုင်ငံတကာ၏ ယခုနှင့် အနာဂါတ် ကြိုးပမ်းများတွင် ဆက်လက်ပူပေါင်းဆောင်ရွက်ရန်
- မြန်မာနိုင်ငံအစိုးရသည် ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကျူးလွန်းခဲ့ကြောင်း အများပြည်သူအသိ အသိအမှတ်ပြုရန်နှင့် အဆုံးအဖြတ်ပေးရန်
- ရောမစာချုပ် (Rome Statute)၊ အပြည်ပြည်ဆိုင်ရာနိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ပဋိညာဉ်၊ ညှင်းပန်းနှိပ်စက်မှုနှင့် ရက်စက်၍ လူမဆန်သော (သို့) ဂုဏ်သိက္ခာကျစေသော အပြုအမူ (သို့) အပြစ်ပေးမှု ဆန့်ကျင်ရေး စာချုပ်အပါအဝင် အခြားနိုင်ငံတကာ လူ့အခွင့်အရေးစာချုပ်များ၏ ဆိုင်ရာစည်းမျဉ်းများကို သဘောတူ လက်ခံရန်
- ရိုဟင်ဂျာလူမျိုးများအပေါ် အမျိုးသားညီညွတ်ရေးအစိုးရ၏ မူဝါဒကို အကောင်အထည်ဖော်တိုးချဲ့ရာတွင် ကူညီရန် NUG တွင် ရိုဟင်ဂျာလူမျိုး အထူးကိုယ်စားလှယ်တစ်ဦး (သို့) ဝန်ကြီးအဆင့် ရာထူးတစ်ခုကို ခန့်အပ်ရန်

## ဂ. ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အကြံပြုခြင်း

- မြန်မာနိုင်ငံရှိ အကူအညီလိုအပ်နေသောပြည်သူများဆီသို့ နယ်စပ်ဖြတ် လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးပို့ပြီး သက်ဆိုင်ရာလူသားချင်းစာနာထောက်ထားသည့် အဖွဲ့အစည်းများဆီသို့သာ အကူအညီပစ္စည်းများရောက်ရှိအောင် သေချာ ထိန်းညှိကန့်သတ်ရန်နှင့် မည်သည့်နည်းနှင့်မျှ စစ်အာဏာသိမ်းအုပ်စုအား တရားဝင်စေခြင်းမျိုးကို (မရှိစေရန်) ရှောင်ရှားရန်

- မြန်မာနိုင်ငံရှိ အတိတ်ကာလနှင့် ဖြစ်ပေါ်ဆဲ ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများအတွက် နိုင်ငံတကာတရား စီရင်မှုကို သေချာအောင်ဆောင်ရွက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီအား မြန်မာနိုင်ငံ အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးအပ်ဖို့ ဖိအားပေးရန် (သို့) တနည်းအားဖြင့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်ပြီး စွဲချက်တင်နိုင်ရန် နိုင်ငံတကာအထူးရာဇဝတ်ခုံရုံး (ad hoc international criminal tribunal) ကိုဖွဲ့စည်းရန်
- မြန်မာ့စစ်တပ်အပေါ် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်အပါအဝင် စစ်အာဏာသိမ်းအုပ်စုသည် သဘာဝဓာတ်ငွေ့မှ ဝင်ငွေများနှင့် ငွေကြေးဝန်ဆောင်မှုများ ရရှိနေခြင်းကို ပိတ်ဆို့ရန် အထူးအလေးပေးလျက် စစ်တပ်ပိုင်လုပ်ငန်းများအပေါ် ပစ်မှတ်ထားပိတ်ဆို့မှုများကို ချမှတ်ဖို့ UN လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်တစ်ရပ်ကို ထောက်ခံအဆိုပြုရန်
- သဘာဝဓာတ်ငွေ့မှ ဝင်ငွေများနှင့် ငွေကြေးဝန်ဆောင်မှုများ ရရှိနေခြင်းကို ပိတ်ဆို့ပြီး မြန်မာနိုင်ငံနှင့် လက်နက်များတင်ပို့၊ တင်သွင်းပြုလုပ်နေသည့် လူတစ်ဦးတစ်ယောက်ချင်းစီနှင့် အဖွဲ့အစည်းများကို ပစ်မှတ်ထားရန် အထူးအလေးထားလျက် မြန်မာ့ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများကို ဆန့်ကျင်ခြင်းအပါအဝင် နှစ်နိုင်ငံလက်နက်ကုန်သွယ်ခွင့်တားမြစ်မိန့်နှင့် ပစ်မှတ်ထားပိတ်ဆို့မှုများ ချမှတ်ရန်
- မြန်မာ့စစ်တပ်ကို လေယာဉ်စီပေးပို့တင်သွင်းရာတွင်ပါဝင်သော မြန်မာအခြေစိုက် အဖွဲ့အစည်းများအပေါ် နှစ်နိုင်ငံဆိုင်ရာပိတ်ဆိုမှုများချမှတ်ပြီး ပြည်သူကိုတိုက်ခိုက်နေသည့် စစ်တပ်ပိုင်ပစ္စည်း(လေယဉ်)အတွက် စစ်တပ်မှ အသုံးပြုနိုင်ရန် လေယာဉ်ဆီတင်ပို့ပေးသွင်းခြင်းကို ပိတ်ပင်တားမြစ်ရန်
- အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများတွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ လက်ရှိ အသိအမှတ်ပြုမှုကို ဆက်လက်ထောက်ခံရန်
- နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ စံချိန်စံညွှန်းနှင့် အခြားအုပ်ချုပ်ရေးကိစ္စများနှင့် ပတ်သက်သည့် အမှုများအပါအဝင် အမျိုးသားညီညွတ်ရေးအစိုးရကို လိုအပ်သလို ငွေကြေးနှင့် နည်းပညာ အထောက်အပံ့များ ပေးအပ်ရန်
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်နှင့် အကြံပြုချက်များကို အားပေးထောက်ခံရန်
- ၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းချိန်မှစ၍ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုအပါအဝင် မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးတုံးသတ်ဖြတ်မှုနှင့် အခြားနိုင်ငံတကာရာဇဝတ်မှုများကျူးလွန်ခဲ့ကြောင်းကို တရားဝင်အဆုံးအဖြတ်များမှ တဆင့် အများပြည်သူသိ အသိအမှတ်ပြုရန်

## ဃ. ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အကြံပြုခြင်း

- မြန်မာစစ်တပ်ဆီ လက်နက်လွှဲပြောင်းပေးအပ်မှုများကို တားမြစ်ရန် ကမ္ဘာ့လက်နက်ကုန်သွယ်ခွင့် တားမြစ်မိန့်နှင့် စစ်အာဏာသိမ်းအုပ်စုမှ ဝင်ငွေများနှင့် ငွေကြေးဝန်ဆောင်မှုများ ရရှိနေခြင်းကို ပိတ်ဆို့ရန် အထူးအလေးပေးလျက် စစ်တပ်ပိုင်လုပ်ငန်းများအပေါ် ပစ်မှတ်ထားပိတ်ဆို့မှုများကို ချမှတ်ဖို့ ဆုံးဖြတ်ချက် တစ်ရပ်ကို ပြဋ္ဌာန်းရန်
- အကယ်၍ အဆိုပါဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်ခုမှ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့လျှင် အဖွဲ့ဝင်နိုင်ငံများသည် မြန်မာ့အာဏာသိမ်းအုပ်စုမှ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ခြိမ်းခြောက်နေမှုကို ဖြေရှင်းရန် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အရေးပေါ် အထူးအစည်းအဝေးတစ်ရပ်ကို ရှေ့ဆက်ကျင်းပသင့်သည်။
- စုံစမ်းစစ်ဆေးရေးနှင့် ဖြစ်သင့်သည့်စွဲချက်တင်မှုများပြုလုပ်နိုင်ဖို့ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)သို့ မြန်မာနိုင်ငံ၏ အခြေအနေကို လွှဲပြောင်းပေးအပ်ရန်

## င ။ အရှေ့တောင်အာရှနိုင်ငံများအသင်းနှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအား အကြံပြုချက်

- သတ်မှတ်ထားသည့် အာဆီယံအစည်းအဝေးများနှင့် ထိပ်သီးအစည်းအဝေးများသို့ ဖိတ်ကြားခြင်းများအပါအဝင် မြန်မာ့စစ်အာဏာသိမ်းအုပ်စုအား မည်သည့် တရားဝင်မှုမျိုးမှ မပေးမိဖို့ ရှောင်ရှားရန်
- မြန်မာပြည်မှ ထွက်ပြေးသွားသူများအား ဒုက္ခသည်များအဖြစ် လက်ခံပြီး၊ သဘောတူစာချုပ်ပါ နိုင်ငံတကာစံချိန်စံညွှန်း၊ နိုင်ငံတကာ ကျင့်ထုံးဥပဒေများနှင့် အညီ အကူအညီနှင့် အကာအကွယ်များ ပေးအပ်ရန်
- အာဏာသိမ်အုပ်စု၏ လမ်းကြောင်းကို အသုံးမပြုဘဲ မြန်မာပြည်သူများအား လူသားချင်းစာနာသည့် အထောက်အပံ့များ အခိုင်အမာ ပေးအပ်ရန်
- မြန်မာစစ်တပ်မှ ထိန်းချုပ်သည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို ရှောင်ရှားလျက် ပိတ်ဆို့မှုများ ချက်မှတ်ရန်နှင့် သဘာဝဓာတ်ငွေ့ရောင်းချခြင်းနှင့် ဆက်စပ်သော ငွေကြေးပေးချေမှုအပါအဝင် စစ်အာဏာသိမ်းအုပ်စုဆီ ငွေကြေးလွှဲပြောင်းပေးမှုကို ရှောင်ရှားသည့် လုပ်ရပ်များအား အားပေးထောက်ခံရန်
- မြန်မာပြည်သူများ၏ အချုပ်ခြာအာဏာကိုယ်စားပြုအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရကို အသိအမှတ်ပြုပြီး ၎င်းနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ရန်။
- နိုင်ငံတကာရာဇဝတ်ခုံရုံး၏ စွဲချက်တင်တရားလို (ရှေ့နေ) အား အကြံပြုခြင်း
- ၂၀၀၂ မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံအတွင်းကျူးလွန်ခဲ့သည့် ရာဇဝတ်မှုအားလုံးအတွက် တရားရုံးမှတရားစီရင်ပိုင်ခွင့်ကို လွှဲအပ်သည့် (တခြား)တရားရုံးတော်ဆီသို့ မြန်မာအမျိုးသားညီညွတ်ရေး အစိုးရမှ တင်သွင်းခဲ့သည့် ကြေညာစာတမ်း ၁၂ (၃) ကို လက်ခံရန်

# ကျေးဇူးတင်လွှာ

ဤပူးတွဲအစီအရင်ခံစာသည် Fortify Rights နှင့် Yale Law School ရှိ Schell Center for International Human Rights တို့မှ ၂၀၂၁ ဖေဖော်ဝါရီမှ ဒီဇင်ဘာအတွင်း ဆောင်ရွက်ခဲ့ကြသော သုတေသနကို အခြေခံထားပါသည်။

Fortify Rights မှ သုတေသနနှင့် အစီရင်ခံစာရေးသားရေးအဖွဲ့တွင် - ဇော်ဝင်း (Human Rights Specialist)၊ John Quinely (Senior Human Rights Specialist)၊ Matthew Smith (Chief Executive Officer)၊ Nickey Diamond (Human Rights Specialist)၊ Ismail Wolff (Regional Director)၊ Zau Maran (Human Rights Associate)၊ Patrick Phongsathorn (Human Rights Advocacy Specialist)၊ ပါမောက္ခ Ken MacLean (Senior Advisor) နှင့် Trevor Stankiewicz (Legal Fellow) တို့ပါဝင်ပါသည်။

ဤသုတေသနတွင် ထပ်လောင်းကူညီပေးခဲ့ကြသူများမှာ Tanyalak Thongyoojaroen (Communication Associate)၊ Puttanee Kangkun (Senior Human Rights Specialist)၊ John San Linn (Consultant to Fortify Rights)၊ ကျော်ဆန်းလှိုင် (Consultant to Fortify Rights)၊ အောင်နိုင်စိုး (Consultant to Fortify Rights) နှင့် ဝလာ (လုံခြုံရေးအရ အမည်ပြောင်းထားပါသည်) (Consultant to Fortify Rights) တို့ဖြစ်ကြသည်။

Yale Law School ရှိ the Schell Center for International Human Rights မှ သုတေသနနှင့် အစီရင်ခံစာရေးသားရေးအဖွဲ့ကို Roger Polack (Schell Center Visiting Human Rights Fellow နှင့် မြန်မာ့လူ့အခွင့်အရေးစီမံကိန်း၏ Senior Legal Counsel) မှ ဦးစီးခဲ့ပြီး သုတေသန၊ အစီရင်ခံစာရေးသားခြင်း၊ တည်းဖြတ်ခြင်းနှင့်ပတ်သက်၍ စေတနာဖြင့် ကူညီပေးခဲ့ကြသူများတွင် Lucia Schwochow၊ Betsy Feurstein၊ Jessica Soo နှင့် Sidley Austin LLP မှ Schell Center Student Director ဟောင်း David Moon (၎င်းသည်လည်း Yale Law School တွင်ရှိစဉ်က သုတေသနနှင့် ရေးသားခြင်းအကူအညီများကို ပေးခဲ့သည်)၊ Priyanka Amirneni၊ Gabriela Balbín၊ Brendan Goldenberg၊ Grace Haviland၊ Alison Malkowski၊ John Torabi၊ Tatiana Velasquez နှင့် Shneur Wolvovsky တို့မှ Tai-Heng Cheng နှင့် စေတနာ့ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ဦးခဲ့သော အဖွဲ့တစ်ခုတို့ပါဝင်ပါသည်။

ဤအစီအရင်ခံစာအတွက် မြန်မာနိုင်ငံနှင် တခြားနေရာမှ လုံခြုံရေးအရ အမည်မဖော်လိုသော လူတချို့သည်လည်း ဘာသာပြန်မှုတိကျသေချာစေရန်အတွက် ဆင့်ပွားအသံဖိုင်များ ကူးယူခြင်းအပါအဝင် ဘာသာပြန်အကူအညီများပေးခဲ့ကြပါသည်။

Fortify Rights ၏ Senior Visual Design Specialist ဖြစ်သူ Iuri Kato သည် Chutapat Suwansatiean (Visual Design Associate) ၏ အကူအညီဖြင့် ဤ အစီရင်ခံစာ၏ ဒီဇိုင်းနှင့် Layout ကို ဖန်တီးခဲ့ကြသည်။ အောင်နိုင်စိုး၊ ငြိမ်းစုဝေကျော်စိုး၊ အောင်နိုင်ထွန်းဟိန်း၊ SA ၊ ဘိုဘို နှင့် ရန်နိုင်အောင်မှ အစီအရင်ခံစာအတွက် ဓာတ်ပုံများကို ပေးအပ်ခဲ့သည်။

Yale Law School မှ The Schell Center for International Human Rights နှင့် Fortify Rights တို့ သည် ဤအစီအရင်ခံစာအတွက် အကြံအဉာဏ်အကူအညီများပေးခဲ့ကြသော၊ ၎င်းတို့၏အချိန်၊ အင်အားနှင့် အတွေ့အကြုံများကို မျှဝေပေးခဲ့ကြသော အသက်ဘေးမှ လွတ်မြောက်လာသူများ၊ မျက်မြင်သက်သေများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အထူးကျေးဇူးတင်ရှိပါသည်။

အင်တာဗျူးပေါင်း ၁၂၀ ကျော်ကို အခြေခံ၍ **"လုံခြုံရာအရပ်ကင်းမဲ့နေခြင်း"- အာဏာသိမ်းမှုအပြီး မြန်မာ့စစ်အာဏာသိမ်း** အုပ်စု၏ လူသားမျိုးနွယ်စုအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများသည် မြန်မာစစ်အာဏာသိမ်းအုပ်စုမှ ၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက် စစ်အာဏာသိမ်းမှုအပြီး ခြောက်လတာကာလတွင် နိုင်ငံတဝှမ်း ငြိမ်းချမ်းစွာဆန္ဒပြသူများ၊ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် တခြားအရပ်သားများကို သတ်ဖြတ်ခဲ့ပုံ၊ ထောင်ချပုံ၊ ညှဉ်းပင်းနှိပ်စက်ပုံ၊ အပျောက်ဖျောက်ပုံ၊ ကွပ်မျက်ပုံနှင့် အဓမ္မနေရပ်စွန့်စေပုံများကို ဖော်ထုတ်တင်ပြထားပါသည်။ ဤသည် နိုင်ငံတကာဥပဒေအောက်တွင် မြန်မာ့စစ်တပ်သည် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိကြောင်း တွေ့ရှိထားသည့် ဥပဒေကြောင်းအရ ကျယ်ပြန့်စွာ ခွဲခြမ်းစိတ်ဖြာလေ့လာချက်ကို တင်ပြကာ စစ်ဆေးအရေးယူသင့်သည့် မြန်မာ့စစ်တပ်နှင့် ရဲအရာရှိ ၆၁ ၏ identity (မည်သူမည်ဝါဖြစ်ကြောင်း)ကို ထုတ်ဖော်တင်ပြထားပါသည်။ နိုင်ငံအနှံ့ စစ်စခန်းတည်နေရာပေါင်း ၁၀၄၀ ကိုလည်း ဖော်ပြထားပါသည်။

အသေးစိတ်သေချာစွာ အကြံပြုထားခြင်းများမှတဆင့် ဤအစီအရင်ခံစာသည် မြန်မာ့အာဏာသိမ်းအုပ်စု၏ အပြစ်ဒဏ်မှကင်းလွတ်နေမှုကို ဖြေရှင်းရန်၊ ကျူးလွန်သူများကို တာဝန်ခံစေရန်နှင့် ဆက်လက်ဖြစ်ပေါ်ဆဲတိုက်ခိုက်မှုများ အဆုံးသတ်ရန်အတွက် လမ်းကြောင်းချပြထားပါသည်။



FORTIFY RIGHTS

The Orville H. Schell, Jr. Center for International Human Rights at Yale Law School, Myanmar Human Rights Project